# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဩဂုတ်လ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၅၃)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁၀ ရက် ၊ ၁၀-၅-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း ဆောင်ရွက်နေသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများနှင့် သတင်းစာရိုက်နှိပ်ထုတ်ဝေမှု ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း ဆောင်ရွက်နေသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများနှင့် သတင်းစာရိုက်နှိပ်ထုတ်ဝေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းခရိုင်ရုံးအဆောက်အအုံသစ်တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် စစ်ကိုင်းတောင်ပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ရုပ်မြင်လွှင့်စက်များဖြင့် ရုပ်သံထပ်ဆင့် ထုတ်လွှင့်နေမှုနှင့် FM လိုင်းများ ထုတ်လွှင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများ အသိပညာတိုးပွားရေးနှင့် စိတ်လက်အပန်းပြေစေရေးအတွက် အစီအစဉ်ကောင်းများ ရိုက်ကူးထုတ်လွှင့်သွားရန်နှင့် ပြည်သူကို အကောင်းဆုံးအရည်အသွေးဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားသည်။ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှတစ်ဆင့် မှန်ကန်တိကျသော သတင်းအချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် လက်တွေ့ကျသော အချက်အလက်များကို မီဒီယာမှတစ်ဆင့် သိရှိနိုင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စာပေ ပိုမိုဖတ်ရှုလာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ကြိုးစားသွားကြရန် လိုကြောင်း မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မန္တလေးဇုန်ရှိ သတင်း Studio ခန်း၌ သတင်းအစီအစဉ်များ ရိုက်ကူးတင်ဆက်ထုတ်လွှင့်မှု၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ပုံနှိပ်စက်ခန်း၌ နေ့စဉ်ထုတ်သတင်းစာများ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိမှုနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေး ခရိုင်ရုံး Community Center တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပနေမှုကို ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

၀-၀-၀

## ဆင်လမ်း(၂)ရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး
## မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်ရေး အားပေးဆောင်ရွက်



**နေပြည်တော် မေ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာအနီး တည်ဆောက်လျက်ရှိသည့် ဆင်လမ်း(၂)ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆင်လမ်း(၂)ရေလှောင်တမံစီမံကိန်းသည် ဆင်လမ်းရေလှောင်တမံမှ ပိုလျှံရေများကို ထိန်းသိမ်းသိုလှောင်ပြီး ယင်းသာမရေလွှဲဆည်မှတစ်ဆင့် ရတနာပုံမြို့သစ်အတွက် ရေဂါလန် ၁၀ သိန်း ရေကူဖြည့်တင်းပေးနိုင်ရန်နှင့် ရပ်ကွက်ကြီး(၉၊ ၁၆၊ ၁၇၊ ၁၈) တို့၏ အနာဂတ် ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အပြင် ပိုလျှံရေများဖြင့် ဆင်လမ်းချောင်းဘေး ဝဲယာရှိ စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

ယင်းနောက် ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေး သုတေသနစခန်း အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် သုံးတောင်ရွာမမွေးရုံ၌ လည်းကောင်း ဒေသခံမွေးမြူရေးလုပ်ငန်းရှင်၊ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ နို့စားနွားနှင့် အသားတိုးနွား မွေးမြူရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေးဌာနမှ စီမံကူညီပေးသွားမည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၉**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ မေ ၁၀ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် မေ ၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်-၁၈၅၄(ခ)တွင် ဒို့မြန်မာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက အသားတိုးနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် သမဝါယမစနစ်ဖြင့် စနစ်ကျသော မွေးမြူရေးလုပ်ငန်းများဖြစ်ပေါ်လာစေရေး အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တိရစ္ဆာန်ရောဂါများ မကျရောက်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ကြရန်နှင့် တိရစ္ဆာန်ဖြည့်စွက်စာများ လုံလောက်မှုရှိစေရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာရှိ နှမ်းစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် ရောင်းချရာတွင်လည်း တစ်ဦးချင်းရောင်းချပါက အကျိုးအမြတ်ရရှိမှုနည်းပါးနိုင်ကြောင်း၊ ထို့ကြောင့် သမဝါယမစနစ်ဖြင့် တစ်ကွင်းတဆက်တစပ်တည်းရှိသော လယ်ကွင်းများတွင် ထွန်ယက်ချိန်၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များ တူညီစေရေး စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစု ဓာတ်မြေသြဇာများ အချိန်မီရရှိရေး၊ စိုက်ပျိုးရေရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စနစ်ကျလယ်ယာစနစ် ဖော်ထုတ်ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အစိုးရအဖွဲ့၏ ရက်ပေါင်း(၁၀၀)အတွင်း ဝန်ကြီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ကျေးလက်အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး၍ မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန် အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

## ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသ မနုဟာဘုရားကြီးနှင့် နန်းဘုရားကြားရှိ ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ညောင်ဦး မေ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသ သထုံပြည့်ရှင် မနုဟာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် မနုဟာဘုရားကြီးနှင့် မြစ်တော်နာဂသမန် အမတ် တည်ထားသည့် နန်းဘုရားကြားတွင် ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များသည် ယနေ့ နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။

ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မနုဟာဘုရားဂေါပကအဖွဲ့ဝင်များ၊ ဈေးသည်များသည် မနုဟာဘုရားနှင့် နန်းဘုရားကြားရှိ အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများ၊ ပေါင်းမြက်များ၊ သစ်ပင်ခြုံနွယ်များကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ပြီး ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

## ခွင့်မပြု ဆိုးဆေးနှင့် တာရှည်ခံဓာတုပစ္စည်းများ အသုံးပြုခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**မန္တလေး မေ ၉**

အစားအသောက်နှင့် ဆေးဝါး ကြပ်ကဲရေး ဦးစီးဌာနခွဲ-မန္တလေးမှ တာဝန်ရှိသူများသည် စဥ့်ကိုင်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များ ဖြစ်ကြသည့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ယမန်နေ့က စဥ့်ကိုင်မြို့နယ်၊ မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးခြင်း ပြုလုပ်ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရောင်းချနေသည့် အစားအသောက်များတွင် ခွင့်မပြု ဆိုးဆေးနှင့် တာရှည်ခံဓာတုပစ္စည်းများ အသုံးပြုခြင်း ရှိ၊ မရှိ အစားအသောက်နမူနာ ၁၄ မျိုးအား ရွေ့လျားဓာတ်ခွဲယာဉ် (Mobile Lab Van) ဖြင့် ရှောင်တခင် စစ်ဆေးခြင်း၊ ဈေးအတွင်းရှိ အလှကုန်ဆိုင်များတွင် ကြေညာချက်ထုတ်ပြန်ထားသည့် သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ဈေးသူ၊ ဈေးသားများအား အစားအသောက်၊ ဆေးဝါး၊ အလှကုန် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရက်(၁၀၀)အစီအမံဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာဈေးများအား ရှောင်တခင် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀



**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း သာစည်မြို့နယ်နှင့် ကလောမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများနှင့် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် တိုက်နယ်ကျန်းမာရေးဌာနသို့ ရောက်ရှိကာ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုနှင့် ဆေးဝါးများ ထောက်ပံ့ပေးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလောမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်မည့် ခွဲစိတ်ခန်းပါ သုံးထပ်အဆောက်အအုံသစ် ဆောက်လုပ်မည့်နေရာကို လည်းကောင်း၊ အောင်ပန်းတိုက်နယ်ဆေးရုံ၌ အရေးပေါ်လူနာဌာန၊ အတွင်းလူနာဆောင်များနှင့် ဓာတ်ခွဲခန်းတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးဝင်းရှိ သူနာပြုသိပ္ပံအဖြစ် အဆင့်မြှင့်တင်မည့် သူနာပြုသင်တန်းကျောင်း၌ သင်ကြားရေးဆရာများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး သူနာပြုသိပ္ပံအဆင့် မြှင့်တင်ခြင်းအတွက် ကျွမ်းကျင်မှုဆိုင်ရာ ပုံစံတူလက်တွေ့သင်ကြားရေးခန်း (Skills Lab)၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်၊ ထမင်းစားခန်း၊ သင်ကြားရေးခန်းမများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## လူရည်ချွန်မောင်မယ်များ အင်းလေးကန်အတွင်း အထင်ကရနေရာများသို့ လေ့လာလည်ပတ်

ညောင်ရွှေ မေ ၉

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ ဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၂ ဦးသည် ကြီးကြပ်ဆရာဆရာမများ၊ လူရည်ချွန်စခန်းတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီက အင်းလေးကန်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။

ဦးစွာ ကေလာကျေးရွာရှိ ရေခြံစိုက်ပျိုးရေးလုပ်ငန်းကို လေ့လာလည်ပတ်ခဲ့ကြသည်။ ယင်းနောက် ဟဲယာရွာမကျေးရွာရှိ စိန်သမာဓိငွေပန်းထိမ်နှင့် ရိုးရာချည်ထည်၊ ပိုးထည်လုပ်ငန်းတို့သို့ သွားရောက်လေ့လာလည်ပတ်ရာ လုပ်ငန်းတည်ထောင်သူ ဦးစံလင်းက လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ လူရည်ချွန်မောင်မယ်လေးများနှင့် ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ငွေပန်းထိမ်လုပ်ငန်းခွင်နှင့် ခင်းကျင်းပြသထားသည့် အရောင်းပြခန်းများကို လေ့လာကြည့်ရှုခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ရိုးရာအထည်များ ဝယ်ယူခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားရင်ပြင်တော်ရှိ ဈေးဆိုင်ခန်းများ၌ ဒေသရိုးရာစားသောက်ကုန်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

စိုင်းအယ်ဘဲ

ပန်းမန်သစ်ပင်၊ လေသန့်စင်၍၊
ဉယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။

## လူရည်ချွန်စခန်း (ချောင်းသာ) လူရည်ချွန်မောင်မယ်များ Sea & Lake အပန်းဖြေဉယျာဉ်သို့ သွားရောက်လေ့လာ



ချောင်းသာ မေ ၉

ဧရာဝတီတိုင်း ဒေသကြီး လူရည်ချွန်စခန်း ချောင်းသာမှ ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်မောင်မယ်များသည် ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုးညွန့် ဦးဆောင်၍ ယနေ့နံနက်ပိုင်းက ရွှေသောင်ယံမြို့ရှိ Sea & Lake အပန်းဖြေဉယျာဉ်သို့ ဒေသန္တရဗဟုသုတ လေ့လာရေးခရီးစဉ် သွားရောက်သည်။

ယင်းနောက် ဒီရေတောတံတား၊ အပျော်စီးလှေဆိပ်၊ ကျောက်စိမ်းပြတိုက်၊ ပန်းပုပြတိုက်၊ ကလေးကစားကွင်း၊ ကျောက်စိမ်းဉယျာဉ်၊ Sea&Lake Water park အစရှိသည့်နေရာများကို ကြည့်ရှုလေ့လာ၍ အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းများ ပျော်ရွှင်စွာ လုပ်ဆောင်ခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ချောင်းသာမြို့ ရွှေသာယာမြို့မဈေးသို့ သွားရောက်ကာ ဒေသထွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပြင်ဦးလွင် လူရည်ချွန်စခန်းမှ ကျောင်းသား ကျောင်းသူများ ဂုတ်ထိပ်တံတားသို့ သွားရောက်လေ့လာ

ပြင်ဦးလွင် မေ ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူ ၉၆ ဦးတို့သည် ယနေ့နံနက် ၇ နာရီတွင် နောင်ချိုမြို့နယ် ဂုတ်ထိပ်တံတားသို့ သွားရောက်လေ့လာသည်။



အဆိုပါ ဂုတ်ထိပ်တံတားကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် ဂုတ်ထိပ်တံတား (ဂုတ်ထိပ်)ဘူတာမှ ပြင်ဦးလွင်ဘူတာသို့ ပြန်လည်ထွက်ခွာကြသည်။

### ကြည့်ရှုခံစား

ဂုတ်ထိပ်တံတားသည် ပြင်ဦးလွင်မြို့နယ် အနီး မန္တလေး-လားရှိုး ရထားလမ်းပေါ်ရှိ တံတားတစ်စင်းဖြစ်ကာ နောင်ချိုဘူတာအလွန် ခုနစ်မိုင်အကွာတွင် တည်ရှိပြီး ပြည်တွင်း ခရီးသွားများ၊ နိုင်ငံခြားသားခရီးသွားများအတွက် လမ်းခရီးရှိ ရေမြေတောတောင် သဘာဝများကို စိတ်ဝင်စားဖွယ် ကြည့်ရှုခံစားနိုင်သော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လူရည်ချွန်မောင်မယ်များ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ငွေဆောင်ဆင်စခန်း လေ့လာ



ငွေဆောင် မေ ၉

လူရည်ချွန်စခန်း(ငွေဆောင်)မှ ၂၀၂၆ ခုနှစ် ဧကာဒသမတန်း လူရည်ချွန် မောင်မယ်များသည် ယနေ့ နံနက်ပိုင်းတွင် ငွေဆောင်ဒေသရှိ ယုဇနပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ငွေဆောင်ဆင်စခန်းသို့ ဒေသန္တရဗဟုသုတလေ့လာရေးသို့ သွားရောက်ကြသည်။

ဦးစွာ ငွေဆောင်မြို့ရှိ IFD ပုစွန်မွေးမြူရေးလုပ်ငန်းတွင် နည်းစနစ်တကျမွေးမြူထားရှိမှုနှင့် လုပ်ငန်းသုံးပစ္စည်းပြခန်းများကို စိတ်ဝင်စားစွာလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ငွေဆောင်အပန်းဖြေဆင်စခန်းကို လေ့လာကြပြီး ဆင်လိမ္မာကြီးက လူရည်ချွန်မောင်မယ်များအား ပန်းခြင်းပေး၍ ကြိုဆိုခြင်း၊ ဘောလုံးကန်သရုပ်ပြသခြင်းကို ကြည့်ရှုအားပေး၍ ဆင်လိမ္မာလေးများကို အစာကျွေးခြင်း၊ ဆင်စီးခြင်းတို့ကို ပျော်ရွှင်စွာဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် မြို့မလမ်းရှိ ငွေဆောင်မြို့ ဈေးတန်းသို့ သွားရောက်၍ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရ လက်ဆောင် ဝယ်ယူခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ ဆက်)**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)က ဖွင့်လှစ်သင်ကြားခဲ့သည့် နွေရာသီအခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပု သင်တန်းဆင်းပွဲပြုလုပ်



**မန္တလေး မေ ၉**

ဟိုတယ်၊ ခရီးသွားလာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)က ဖွင့်လှစ်သင်ကြားခဲ့သည့် နွေရာသီ အခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပု၊ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ပိုင်းက ချမ်းအေးသာစံမြို့နယ် အတွင်းရှိ အမှတ်(၁၆)အခြေခံ ပညာအထက်တန်းကျောင်းတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့် ဌာနဆိုင်ရာများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ ခရိုင်နှင့် မြို့နယ်များမှ ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ နှင့် အခြေခံပညာကျောင်းများမှ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က သင်တန်းဆင်း အမှာစကားပြောကြားပြီးနောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်က သင်တန်းဆင်းလက်မှတ်များကို မဟာအောင်မြေခရိုင် ပညာရေးမှူးထံသို့ ပေးအပ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက နွေရာသီအခြေခံ ဂီတ၊ အဆိုနှင့် အက သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ တေးသီချင်း၊ အဆို၊ အတီး၊ အကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီးနောက် ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီ၊ ပန်းပု၊ လက်ရာမွန်များကို လိုက်လံကြည့်ရှုခဲ့ကြကြောင်းနှင့် အဆိုပါ သင်တန်းဆင်းပွဲတွင် ကျောင်းသား ၈၄ဦး၊ ကျောင်းသူ ၁၀၅ ဦး စုစုပေါင်း သင်တန်းသား ၁၈၉ ဦး သင်တန်းဆင်းနိုင်ခဲ့ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ မေ ၈ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးရုံးတွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေး

**မန္တလေး မေ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးရုံးတွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ မေ ၉ ရက်က ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆောင်ရွက်ပေးနေမှုများကို မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်က နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)လမင်းစီမံချက်ဖြင့် ပြည်သူများအား အသက် ၁၀ နှစ်နှင့်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈နှစ်ပြည့် မှတ်ပုံတင်ထုတ်ပေးခြင်း၊ သေဆုံးသူအမည်စာရင်းပယ်ဖျက်ပေးခြင်း၊ မွေးဖွားသူအမည်စာရင်းတိုးပေးခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်းပြုလုပ်ပေးခြင်း၊ ဟောင်းနွမ်းပျက်စီးမှတ်ပုံတင်များကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းဆောင်ရွက်ပေးနေမှုများ၊ တိုင်းဒေသကြီးတွင် ရက်(၁၀၀) လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ကျောင်းဖွင့်ချိန်တွင် ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများအား ဆောင်ရွက်ပေးသွားရန်စီစဉ်ထားမှုနှင့် စီမံချက်ကာလအတွင်း ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။




**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**

# ပျားအိမ်အမျိုးအစားအလိုက် ကုန်ကျစရိတ်၊ အားသာချက်နှင့် အားနည်းချက်များ ရှင်းလင်းပြသ

**စဉ့်ကိုင် မေ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ ဒေသခံတောင်သူများ ပျားဖြင့်ဝတ်မှုန်ကူးခြင်းလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ အသုံးချတတ်စေရန်၊ စီးပွားဖြစ် ပျားမွေးမြူသူများအတွက် ကုန်စရိတ်ပိုမိုသက်သာစေရန် စသည့်တို့ကို သိရှိစေရန် ရည်ရွယ်ကာ ပျားအိမ်အမျိုးအစားအလိုက် ကုန်ကျစရိတ်၊ အားသာချက်နှင့် အားနည်းချက်များ ရှင်းလင်းပြသပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဆည်ရွာကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာရှိ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲရုံးအတွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ရှင်းလင်းပြသပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စဉ့်ကိုင်မြို့နယ် ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ ဦးစီးမှူး ဦးသိန်းကိုက တောင်သူများ ပျားဖြင့် ဝတ်မှုန်ကူးခြင်းလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်ရန်နှင့် စီးပွားဖြစ် ပျားမွေးမြူသူများအတွက် ကုန်ကျစရိတ် ပိုမိုသက်သာစေရန်နှင့် အကျိုးရှိစွာ အသုံးချတတ်စေရန်အတွက် ပျားမွေးမြူမှုဌာနခွဲ၏ စမ်းသပ်ဆောင်ရွက်မွေးမြူခဲ့ရာမှ တွေ့ရှိချက်များ၊ အကြံပြုချက်များဖြစ်သည့် တောင်သူများအတွက် ပျားသလက်ချပ်ငါးချပ်ဆံ့၊ ငါးထပ်သားပြား အိမ်ခွံသည် အသင့်တော်ဆုံး၊ စီးပွားဖြစ် ပျားမွေးမြူသူများအတွက် ပျားသလက် ၁၀ ချပ် ကျွန်းသားပြားအိမ်ခွံသည် အသင့်တော်ဆုံး၊ အကောင်းဆုံးဖြစ်ကြောင်းနှင့် ပျားအိမ်များ၏ ကုန်ကျစရိတ်များကို ရှင်းလင်းပြသခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြည့်စွက် ဖြေကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**ကျော်စွာ(စဉ့်ကိုင်)**

# စုပေါင်းသန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ မြို့တော်ဝန်က မကြာမီ ကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြင့် ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းသာယာလှပရေး၊ ကျောင်းဥပမိရပ် ကောင်းမွန်ရေးနှင့် အလင်းရောင် ကောင်းမွန်စွာရရှိရေး အလေးထားဆောင်ရွက်သွားရန်တို့ကို မှာကြား၍ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ် မန္တလေးပြည်သူ့ဆေးရုံကြီး မြောက်ဘက် ၇၄လမ်းမှ ၇၇ လမ်းအထိ၊ ၂၉ လမ်းတစ်လျှောက်နှင့် အနောက်ဘက် ၇၇ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများ ရေနုတ်မြောင်းများအတွင်းမှ မြောင်းစာများ၊ အမှိုက်သရိုက်များ ဆယ်ယူဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က တာဝန်ရှိသူများအား မိုးတွင်းကာလအတွင်း မြောင်းရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းများအတွင်း အမှိုက်များပိတ်ဆို့နေမှု မရှိစေရေး၊ မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရပ်ကွက်နေပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားဖြင့် အစဉ်အမြဲ ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**










## ရွှေဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း ဆွေးနွေးပွဲ(ပိတ်ပွဲ)အခမ်းအနား ကျင်းပ

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကြီးမှူးကာ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မူလတန်းပြဆရာ၊ ဆရာမများအတွက် ရွှေဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း တိုင်းဒေသကြီးအဆင့်(ဆင့်ပွား) ဆွေးနွေးပွဲ(ပိတ်ပွဲ)အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာမြင့်မိုရ်ခန်းမဆောင်၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(စီမံ၊ ဘဏ္ဍာ) ဦးအောင်ဆွေဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများက "တို့ကျောင်းတော်" သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ရွှေဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား ဆရာတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းသား၊ သင်တန်းသူများက အနုပညာစွမ်းရည်များဖြင့် ကပြဖျော်ဖြေခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(စီမံ၊ ဘဏ္ဍာ) ဦးအောင်ဆွေဦး၊ ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်းများ ကြီးကြပ်အကဲဖြတ်ဌာန)ဦးစိုးမြင့်ချိုနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်းနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများ၊ သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ချမ်းမြေ့မောင်**



၀-၀-၀-၀-၀

## လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမိတ်ဆက်ပွဲ ကျင်းပ

**မကွေး မေ ၉**

မကွေးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တွေ့ဆုံမိတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက မကွေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မကွေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက တစ်ဦးချင်း မိတ်ဆက်စကားများ အသီးသီးပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးတင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဌေးနှင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ် ဦးတင်မျိုးဇော်တို့က အသီးသီး မိတ်ဆက်အမှာစကားများ ပြောကြားခဲ့ကြသည်။

ယင်းနောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ပြည်သူ့အကျိုးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် တင်ပြလိုသည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးတင့်နိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ-၃၅

ရက္ခိတ(ရှေး/သု)



ရှင်မာလဲရုပ်တုတော်

အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးတော့ ပြိုပျက်ခဲ့ရတဲ့ ဘုရားစေတီတော်များအထဲကနေ ပေါ်ထွက်လာခဲ့တဲ့ ဌာပနာအမွေအနှစ်ဆင်းတုတော်များနဲ့ ဆက်စပ်နေတဲ့ ရုပ်တုလေးများအကြောင်းကို သုတေသနရှုထောင့်ကနေ အခန်းဆက် ဆောင်းပါးများအနေနဲ့ ရေးသားခဲ့တာ အတော်များနေသလို အကြောင်းအရာလည်း အတော်စုံနေပါပြီ။ သုတေသနဆိုတာပြီး ပြည့်စုံတယ်လို့ မရှိဘူးဆိုတဲ့ စကားအတိုင်း အခုလည်း ရေးသားတင်ပြစရာ ပေါ်လာပြန်ပါပြီ။ မှန်ရာကို ဝန်ခံရရင် အခုမှ သိလာရလို့ပါ၊ ဘာအကြောင်းလဲဆိုတော့ ရှင်မာလဲ ရဟန္တာမြတ်ကြီးအကြောင်းပါ၊ ၆-၉-၂၀၂၅ ရက်ထုတ် မန္တလေးသတင်းစာမှာ ကျွန်တော်ရေးခဲ့တဲ့ မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ အမှတ်(၉)ဆောင်းပါးမှာ ယပ်ကိုင်ရုပ်တုလေးများအကြောင်း တင်ပြခဲ့ပါတယ်၊ မြန်မာအနေနဲ့ဆိုရင်တော့ ပုဂံခေတ်ကတည်းက ဦးခေါင်းပေါ်မှာ ဆံထုံး(မဏိတော်)မပါဘဲ ဦးပြည်းသက်သက် အရုပ်အခေါ် ကတုံးဘုရားလို့ ခန့်မှန်းရတဲ့ ရုပ်တုတော်များ ဖြစ်နိုင်ချေနဲ့ ခန့်မှန်းသုံးသပ်ပြီး တင်ပြခဲ့ပါတယ်။ ကျန်စစ်သားမင်းကြီး တည်ခဲ့တဲ့ အာနန္ဒာဘုရားအတွင်းလိုဏ် စနေထောင့်ကအောက်ကနေစပြီးရေတွက်ရင် စတုတ္ထအဆင့် မုခ်ကပ်လေးထဲမှာ ကတုံးဘုရားဆိုပြီး တစ်ဆူကို ယနေ့တိုင် ဖူးတွေ့နိုင်ပါသေးတယ်။ ပြောစရာရှိတာက အဲဒီလို ကတုံးဘုရားဆိုတာ အတွေ့ရအတော်နည်းပါတယ်။ များသောအားဖြင့် ကတုံးနဲ့ဆိုရင် ရဟန္တာ ရုပ်တုတွေကိုပဲ တွေ့ရလေ့ရှိပါတယ်။ တစ်ခါတလေ ဆင်းတုတော် ဖန်တီးပြုလုပ်တဲ့ ပုဂ္ဂိုလ်က သတိချွတ်ချော် ပမာဒလေခလို့ဖြစ်စေ၊ နှစ်ကာလကြာရှည်လို့ ပျက်စီးသွားခဲ့ရင်ဖြစ်စေ ဘုရားဆင်းတုတော် ဖြစ်သော်လည်း ဆံထုံး( မဏိတော်)နဲ့ သူ့အထက်က ဥဏှိသရောင်လျှံတော် ပျက်စီးပြီး ကတုံးအသွင်နဲ့ တွေ့ရတတ်ပါသေးတယ်။ ဒါပေမဲ့ အခြားသော အင်္ဂါရုပ်အစိတ်အပိုင်းများကို လေ့လာပြီး ဘုရားဆင်းတုတော်နဲ့ ရဟန္တာရုပ်ကို ခွဲခြားနိုင်ပါတယ်။ အခုအင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထွက်ပေါ်လာတဲ့ ဌာပနာတွေထဲက ကတုံးရုပ်တုလေးတွေကတော့ နည်းနည်းထူးဆန်းပါတယ်။ ဒီနေရာမှာ နည်းနည်းရှင်းပြဖို့ လိုလာပါပြီ။ အမရပူရခေတ်မှာ ဘုရားစေတီ တည်ဆောက်လှူဒါန်းတဲ့အခါ ထည့်သွင်းလှူဒါန်းဌာပနာဖို့ ငွေနဲ့ခေါင်းပွပြုလုပ်ထားတဲ့ ဆင်းတုတော်လေးတွေကို ဖန်တီးပြုလုပ် ထည့်သွင်းဌာပနာခဲ့လေ့ရှိပါတယ်။ အဲဒီလို ခေါင်းပွပြုလုပ်တဲ့အခါ ဦးခေါင်းထက်က မဏိတော်နဲ့ ဥဏှိသရောင်လျှံတော်တို့ကို သီးခြားပြုလုပ်ပြီးမှ ဆက်စပ်တပ်ဆင်ကြလေ့ရှိပါတယ်။ ခိုင်မာစေဖို့အတွက် အတွင်းက ချိတ်ထဲမှာ ဝါးချောင်းလေးတွေတောင် ပြုတ်ထွက်မသွားအောင် ထည့်လေ့ရှိတာပါ။ ဒါပေမဲ့ ပြုလုပ်ပုံ နူးညံ့တာရယ်၊ စေတီပြိုပျက်တဲ့အခါ အလေးဒဏ်ကြောင့်ရယ် အချို့သော ဆင်းတုတော်များရဲ့ မဏိတော်နဲ့ ဥဏှိသရောင်လျှံတော်တို့ဟာ ပြုတ်ထွက်သွားတာမျိုးလည်း အများကြီး တွေ့ရပါတယ်။ အဲဒီအခါ ဘုရားဆင်းတုဖြစ်ပေမယ့် မဏိတော်နဲ့ ဥဏှိသရောင်လျှံတော် ပျက်စီးသွားလို့ ဦးပြည်းလိုမျိုး ပြောင်းလဲသွားပေမယ့် သေချာကြည့်ရင် ဦးခေါင်းထိပ်မှာ ဝါးချောင်းလေးကို သိသိသာသာတစ်မျိုး၊ မသိမသာတစ်ဖုံနဲ့ တွေ့ရတဲ့အတွက် ရဟန္တာနဲ့ ဆင်းတုတော်ကို အခိုင်အမာ ခွဲခြားနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် အခုတင်ပြမယ့် ယပ်ကိုင်ထားတဲ့ ရုပ်တုလေးများဟာ ဘုရားရုပ်ပွားတော် လုံးဝမဟုတ်ဘဲ ရဟန္တာရုပ်ဆိုတာ ရာနှုန်းပြည့် သေချာပါတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ ယပ်ကိုင် ရဟန္တာရုပ်ဆိုတာပဲ ပထမသေချာတာ ဘယ်ရဟန္တာဆိုတာတော့ မသဲကွဲသေးပါဘူး။ ဒီလိုနဲ့ ငလျင်ကြီးလှုပ်ပြီးလို့ ကိုးလအရောက်မှာ ကျွန်တော်တို့ကို ကူညီဖို့ရောက်လာကြတဲ့ ထိုင်းပညာရှင်အဖွဲ့ မန္တလေးကို ရောက်လာခဲ့ကြပါတယ်။ သူတို့နဲ့ ပထမဆုံးအကြိမ် ဆုံတွေ့ကြတာဖြစ်ပေမယ့် စိတ်ဝင်စားမှုနယ်ပယ်ချင်းတူနေလို့ ဆွေးနွေးရတာ သိပ်အရသာရှိပါတယ်။ ပထမဆုံးနေ့မှာပဲ တံတားဦး ပေါင်းလဲကြီးဝင်းအတွင်း အမှတ်(၉၀) စေတီတော်ထဲက ထွက်ပေါ်လာတဲ့ ယပ်ကိုင် ကြေးဆင်းတုတော်မှာ ဝဲ၊ ယာက ထီးဖြူမိုးပေးထားတဲ့ ဗြဟ္မာ နှစ်ရုပ်ရယ်၊ ရှေ့က သားမြီးယပ်နဲ့ ခရုသင်းကိုင်ထားတဲ့ သိကြားရုပ်ရယ်၊ ရဟန္တာ ခြောက်ပါးရယ်မှာ ရဟန္တာ ခြောက်ပါးက ဘယ်သူတွေဖြစ်နိုင်လဲဆိုတာ ဆွေးနွေးကြတော့ ထူးထူးခြားခြားပဲ အယူအဆတူနေတာ တွေ့ရပါတယ်။ ဒါ့ကြောင့် နောက်နေ့မှာ သူတို့အဖွဲ့ကို အမရပူရခေါ်လာပြီး ရွှေဆင်းတုတွေ၊ ငွေဆင်းတုတွေ စစ်ဆေးကြရင်း ယပ်ကိုင် ကတုံးရဟန္တာကို ဘယ်သူဖြစ်နိုင်သလဲလို့ ထပ်ပြီး လက်တွေ့ဆွေးနွေးကြပြန်ပါတယ်။ ဒီတော့မှ အဲဒီယပ်ကိုင် ရဟန္တာဟာ ရှင်မာလဲဖြစ်တယ်ဆိုတာ သိလိုက်ရပါတယ်။ ဟုတ်တာပေါ့ ကျနော်တို့ မြန်မာနိုင်ငံမှာသာ ရှင်မာလဲက လူသိပ်မသိ မထင်ရှားပေမယ့် သူတို့ထိုင်းမှာတော့ ရှင်မာလဲက သိပ်ထင်ရှားပြီး လူတိုင်းနီးပါး သိကြ ကိုးကွယ်ကြတယ်လေ။ ကဲ စာရှုသူရော ရှင်မာလဲအကြောင်း သိလားဟင်။ ကျွန်တော်တို့ မန္တလေးမှာတော့ မဟာမုနိဘုရာကြီး မဟာရာမ်တံတိုင်း အပြင်ဖက်မှာ တစ်ဆူအတွင်းမှာ မူလတစ်ဆူ ရှင်မာလဲစေတီတော် နှစ်ဆူတောင်ရှိတာလေ။ တန်ဆောင်တိုင်လပြည့်နေ့မှာ ရှင်မာလဲပွဲကျင်းပပေမယ့် လူငယ်တွေအကြားမှာတော့ ကြာပစ်ပွဲ၊ ကြာပန်းပေါက်ပွဲ၊ ကြာရိုက်ပွဲဆိုပြီး ပျော်ပွဲရွှင်ပွဲအနေနဲ့ပဲ သိထားကြတာလား။ အဲဒါကြောင့် အခုဆောင်းပါးကနေ ရှင်မာလဲဆိုတာ ဘယ်လိုရဟန္တာလဲ၊ ရှင်မာလဲပွဲ ဘာ့ကြောင့်ကျင်းပကြသလဲ၊ ဘာ့ကြောင့် ယပ်ကိုင်ထားတာလဲ၊ ထိုင်းတွေက ဘာ့ကြောင့် ရှင်မာလဲကို ကိုးကွယ်ကြတာလဲဆိုတာကို ဗဟုသုတရှုထောင့်ကနေ တင်ပြသွားပါ့မယ်။ ပထမဆုံး ပြောချင်တာက မြန်မာနိုင်ငံမှာ ရှင်မာလဲ ထိုင်းတွေကတော့ ရှင်မလယ၊ မလိယဒေဝမဟာထေရ်လို့ ခေါ်ကြပါတယ်။ အဲဒီ ရှင်မာလဲရဲ့ ဇာတိက သီဟိုဠ်ကျွန်း ကုရောဒဇနပုဒ် ဖြစ်ပြီး သူဟာ တန်ခိုးအစွမ်းနဲ့ အဘိညာဉ်နဲ့ ပြည့်စုံတဲ့ ရဟန္တာတစ်ပါး ဖြစ်ပါတယ်။ တစ်ခါသော် ရှင်မာလဲမထေရ်ဟာ တာဝတိံသာနတ်ပြည်မှာရှိတဲ့ စူဠာမုနိစေတီတော်ကို ဖူးမြော်ဖို့သွားတဲ့အခါ အရိမေတ္တေယျအလောင်းတော်နတ်သားနဲ့ ဆုံမိပါတယ်။ ထိုအခါ အလောင်းတော်နတ်သားက တန်ဆောင်မုန်းလပြည့် ရောက်သည့်အခါတိုင်း ဝေဿန္တရာ ဇာတ်တော်ကြီးကို လူအပေါင်းတို့အား ဟောကြားပေးရန် လျှောက်ထားတောင်းပန်လိုက်တယ်လို့ ဆိုပါတယ်။ အဲဒီ ဝေဿန္တရာ ဇာတ်တော်ကြီးကို ဟောတော်မူတဲ့အခါ လှော်ကားပုံပြုထားတဲ့ ပန်းတင်စင်ထက်တွင် အသီး ၁၀၀၀၊ အပွင့် ၁၀၀၀၊ ထမင်းဆုပ် ၁၀၀၀၊ ဆီမီး ၁၀၀၀ လှူဒါန်းစေခဲ့ပါတယ်။ ထိုပွဲတော်မှာ ရှင်မလိယထေရ်။ ရှင်မာလဲရဲ့ ဩဝါဒဖြင့် လှူဒါန်းခြင်းဖြစ်လို့ ရှင်မာလဲပွဲတော်အဖြစ် ထင်ရှားပါတယ်။ လှော်ကားထက်မှာ လှူရန်တွေ တင်လှူပူဇော်ရခြင်းအကြောင်းကတော့ မဂ္ဂင်ဖောင်ကြီး တက်၍စီးကပြည်ကြီးခေမံ မြတ်နိဗ္ဗာန်သို့ အမှန်ထုတ်ခြောက်ခရီးပေါက်၏လို့ ဆိုတဲ့အတိုင်း မိမိတို့စေတနာဖြင့် နိဗ္ဗာန်ကို ရည်သန်ပြီးလျှင် မဂ္ဂင်ဖောင်ဖြင့် ကူးတော့မည် အဓိဋ္ဌာန်အလျောက် မဂ္ဂင်ဖောင်ပုံ၏ သရုပ်ကို လှော်ကားဖြင့် တင်စား၍ လှော်ကားပေါ်တွင် အလှူဝတ္ထုများတင်ပြီး ပူဇော်သည့်အတွက် လှော်ကားပွဲတော်၊ ယင်းလှော်ကားပွဲအလှူတွင် သစ်သီးမုန့် တံခွန်တိုင် စသော လှူဖွယ်ဝတ္ထုတို့ကို ၁၀၀၀စီ၊ ၁၀၀၀ စီသာ လှူဒါန်းရန် စီမံထားခြင်းကြောင့် ထောင်ပြည့်ပွဲတော် စသဖြင့် ခေါ်ဝေါ်ကြပါတယ်။ ရှင်မာလဲဇာတ်တော်သည် ဗုဒ္ဓမြတ်ဘုရား ဟောကြားသော ပိဋကတ်စာပေ ကျမ်းဂန်များတွင် မပါဝင်ဘဲ သီဟိုဠ်သာသနာဝင် မဓုရယရသ ဝါဟိနီကျမ်းမှ စူဠကလ္လ ကဏ္ဍာက ဝတ္ထုကို ရှင်မာလဲ (မာလေယျဒေဝထေရဝတ္ထု)အဖြစ် ပုဂံရဟန်းတော် တစ်ပါးက ပါဠိဘာသာဖြင့် အေဒီ ၁၂ ရာစုခန့်က ရေးဖွဲ့ခဲ့သော ဝတ္ထုဖြစ်သည်ဟု ဆိုပါတယ်။ အဲဒီအထဲမှာ ရှင်မာလဲဟာ နတ်ပြည်မှာ အလောင်းတော် အရိမေတ္တေယျနတ်သားနှင့်တွေ့ပြီး လျှောက်ထားမေးမြန်းရာ အလောင်းတော်က မိမိဘုရားဖြစ်ချိန်တွင် ဖူးတွေ့ပြီး ကျွတ်တမ်းဝင်လိုပါက ဆီမီး၊ တံခွန်၊ နံ့သာတို့နှင့်အတူ ပဒုမ္မာကြာ၊ ကြာညို၊ အောင်မဲညိုပန်း၊ ထမင်းဆုပ် စသည်တို့ကို တစ်ထောင်စီပူဇော်၍ ဝေဿန္တရာဇာတ်တော်ကြီးကို တစ်နေ့တည်း အပြီးနာယူကြသူများသာ ကျွတ်တမ်းဝင်လိမ့်မည်ဟု မိန့်မြွက်ဆိုခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါ့ကြောင့်လဲ မြန်မာနိုင်ငံမှာ ၁၂ လရာသီ ပွဲတော် ၁၂ မျိုးရှိသည့်အနက် တန်ဆောင်မုန်းလ ဗြိဿရာသီမှာ ကထိန်ပွဲ၊ တန်ဆောင်တိုင် ဆီမီးမြင့်မိုရ်ပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပွဲအပြင် ရှင်မာလဲပွဲကိုလည်း ကျင်းပလေ့ရှိကြောင်း ပုဂံဝန်ထောက်မင်း ဦးတင်ရဲ့ မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း ပဉ္စမအုပ် စာမျက်နှာ ၂၃၈ မှာကာက သတ္တဝါတာရာ ထိန်ဆဲ ကထိန်ပွဲလျှင် သျှင်မာလဲပွဲ တန်ဆောင်ပွဲက ပွဲကြီးသုံးဖြာ ကြံ့ကြိုက်ပါလိမ့်လို့ ဖွဲ့ဆိုဖော်ပြထားပါတယ်။ ထိုနည်းတူ ရှင်မာလဲအကြောင်းကိုလည်း ပေါရာဏဒီပနီကျမ်း ဒုတိယတွဲမှာ ဖော်ပြထားပါတယ်။ ထိုင်းတွေကတော့ ရှင်မာလဲအကြောင်းဖော်ပြရာမှာ အနည်းငယ် ကွဲလွဲမှုရှိနေပါတယ်။ သူတို့ဇာတ်လမ်းထဲမှာတော့ ရှင်မာလဲမထေရ်ဟာ သူ့ကို ဆေးလှူဒါန်းတဲ့ ဥပါသကာတစ်ယောက်ကို သူနဲ့အတူ နတ်ပြည်ခေါ်သွားတယ်လို့ ဖော်ပြထားတာ တွေ့ရပါတယ်။ နတ်ပြည်က ပြန်ကြွလာပြီး ပြည်သူတွေကို ထောင်ပြည့်လှူရန်များနဲ့အတူ ဝေဿန္တရာဇာတ်တော်ကြီး ဟောကြားခြင်းအားဖြင့် သေလျှင် နိဗ္ဗာန်မရမီအကြား နတ်စည်းစိမ်ခံစားရလိမ့်မယ်လို့ ယုံကြည်နေကြပါတယ်။ ဒါ့ကြောင့် ငရဲကြောက်ကြသူများ၊ နိဗ္ဗာန်ရောက်လိုသူများ၊ နိဗ္ဗာန်မရောက်မီ နတ်စည်းစိမ်ခံစားလိုသူများကို တန်ဆောင်မုန်းလပြည့်နေ့ တစ်ရက်ထဲမှာ ထောင်ပြည့် အလှူပစ္စည်းများနဲ့အတူ ရှင်မာလဲက ဝေဿန္တရာဇာတ်တော်ကြီးကို တစ်ရက်ထဲနဲ့အပြီး ဟောကြားခြင်း နာယူခြင်းများ ဆောင်ရွက်ကြခြင်း ဖြစ်ပါတယ်။ ပုထုဇဉ်လူသားများပေကိုး၊ သုတေသနရှုထောင့်ကနေဆက်ရရင် ဗုဒ္ဓဝင် အလိုအရ တန်ခိုးကြီးပြီး ထင်ရှားတဲ့ ရဟန္တာကြီးများစွာ ပေါ်ထွန်းခဲ့ပါတယ်။ သို့သော်လည်း အခုလို ယပ်တောင်ကို မျက်နှာကွယ်ပြီး တရားဟောနေဟန် ရဟန္တာကတော့ တွေးဆရခက်စေပါတယ်။ မြန်မာနိုင်ငံမှာလည်း အချို့တရားဟောဆရာတော်များ ယပ်ကိုင်ပြီး မျက်နှာကွယ်လို့ တရားဟောတာ ရှိခဲ့သော်လည်း အခုနောက်ပိုင်း အတွေ့ရ အတော်နည်းပါး သွားပါပြီ။ ထိုင်းတို့၊ လာအိုတို့၊ ကမ္ဘောဒီးယားတို့မှာတော့ ဆရာတော်အတော်များများ ဆက်လက်ပြီး ကျင့်သုံးနေဆဲ လိုက်နာနေဆဲ တွေ့မြင်နေရဆဲပါ။ နောက်ပြီး မြန်မာနိုင်ငံမှာ ရှင်မာလဲပွဲကို အချို့ သောဒေသများမှာသာ ရိုးရာမပျက် ကျင်းပကြပေ မယ့် ရှေးအစဉ်အလာထက် နောက်ပိုင်း လူငယ်တွေအကြားမှာ ပျော်ပွဲရွှင်ပွဲအသွင် ပြောင်းနေပါပြီ။ ထိုင်းတွေကတော့ ရှေးခေတ်ကတည်းက ယနေ့အထိ သည်းသည်းမည်းမည်း လိုက်နာဆဲပါ။ အဲဒါကြောင့် အခု ကတုံးနဲ့ ယပ်ကိုင် တရားဟောနေဟန် ရဟန္တာရုပ်တုလေးတွေဟာ အယုဒ္ဓယကို ဆင်ဖြူရှင်မင်း အောင်နိုင်ပြီး စစ်သုံ့ပန်းအဖြစ် ခေါ်လာခဲ့တဲ့ ထိုင်းလူမျိုး အဆက်အနွယ်တွေ နေထိုင်ခဲ့ရာ ရပ်ရွာဒေသတွေမှာ တွေ့ရခြင်းဖြစ်တယ်လို့ သုံးသပ်ရပါတယ်။ ရှေးမြန်မာတွေလည်း ထုလုပ်ခဲ့ကြပေမယ့် အတွေ့ရ အတော်နည်းပါတယ်။ ထူးထူးခြားခြား ထိုင်းအဆက်အနွယ်တွေ နေထိုင်ခဲ့ကြောင်း အထောက်အထားရှိတဲ့ ရပ်ရွာဒေသက ဘုရားပုထိုးစေတီတွေ မန္တလေးငလျင်ကြီးကြောင့် ပြိုပျက်ရာ ထွက်ပေါ်လာခဲ့ခြင်းသာ ဖြစ်ပါကြောင်း၊ တွေ့ခါစအချိန်တုန်းက အလုပ်တွေများနေလို့ သေချာအာရုံ မစိုက်မိတဲ့အတွက် ဘာရုပ်တုဆိုတာ ခန့်မှန်းရခက်ခဲနေခဲ့ကြောင်း ရိုးသားစွာ ဝန်ခံပါရစေ။ အခုတော့ ထိုင်းပညာရှင်အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ရင်း ဆွေးနွေးမိရာက ရှင်မာလဲဆိုတော့မှ ဟာ ဟုတ်သားပဲဆိုပြီး အချက်အလက်များ အသေးစိတ်ရှာဖွေကာ ဝမ်းသာအားရ စာရှုသူများထံ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။ အခု တင်ပြထားတဲ့ ရှင်မာလဲရုပ်တုဟာ မူလက ယပ်တောင်ကိုင်ထားပေမယ့် ဌာပနာဖော်စဉ်က ထိပ်ပိုင်းကျိုးသွားလို့ ယပ်ရိုးသာကိုင်ထားဟန် တွေ့ရခြင်း ဖြစ်ပါကြောင်း။

**ကျမ်းကိုး - မြန်မာမင်းများ အုပ်ချုပ်ပုံ**
**စာတမ်း - ဦးတင် လက်တွေ့ကွင်းဆင်း**
**လေ့လာတွေ့ရှိချက်များ**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wang Yibo က ရှန်ဟိုင်းပတ်လမ်းတွင်း ကားမောင်းစွမ်းရည်ပြ




၂၀၂၆ ခုနှစ်၊ ဧပြီလလယ်တွင် ရှန်ဟိုင်းပတ်လမ်း၌ ကျင်းပသည့် တရုတ် GT ချန်ပီယံရှစ် GTS အရည်အချင်းစစ်ပွဲစဉ်တွင် ဝမ်ရိဘိုက ကားမောင်းစွမ်းရည်ပြသနိုင်ခဲ့၍ ပရိသတ်ကြားရေပန်းစားခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပြိုင်ပွဲတွင် ဝမ်ရိဘိုက Mercedes AMG GT3 Evo, ကားနံပါတ်(၈၅)ကို မောင်းနှင်ခဲ့ပြီး အကောင်းဆုံးစွမ်းရည်ပြသခဲ့ကာ အပျော်တမ်းအုပ်စု (၂၄)နေရာ၌ (၁၀)နေရာ ရရှိခဲ့သည်။

၂၀၂၅ ခုနှစ် ရှန်ဟိုင်းဗိုလ်လုပွဲတွင် သူ၏အမြန်ဆုံးစံချိန်ကိုပင် ချိုးနိုင်ခဲ့သည်။

တရုတ်ဖျော်ဖြေရေးလောက၏ အနုပညာရှင်ဝမ်ရိဘိုသည် ပရော်ဖက်ရှင်နယ် Racing Career ကို စောင့်ကြည့်ခံရပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်တွင် ပွဲဦးထွက်ခဲ့ကာ ချန်ပီယံဆု တစ်ခုနှင့် ဒုတိယဆု တစ်ဆု မှတ်တမ်းဝင်ခဲ့ပြီး မိုးရွာနေသော နင်ဘိုပြိုင်ကွင်းတွင် ငွေတံဆိပ် တစ်ခု၊ ၂၀၂၅ ခုနှစ် ရှန်ဟိုင်းပြိုင်ကွင်းတွင် AM အုပ်စု ချန်ပီယံဆုရရှိကာ စုစုပေါင်းပြိုင်ပွဲဆယ်ပွဲနှင့် စင်မြင့်ဆု ခြောက်ဆုပိုင်ဆိုင်ထားသည်။ ၂၀၂၆ ခုနှစ် ခြေစစ်ပွဲတွင် အစွမ်းပြနိုင်ခဲ့၍ နောက်ဆုံးပြိုင်ပွဲ ဝင်ရောက်တော့မည်ဖြစ်သည်။

(SKY)



## လူကြီးများ လေသန့်စင်စက် အသုံးပြုခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် မြှင့်တင်နိုင်မည်

အသက်(၄၀)ကျော် လူကြီးများသည် လေသန့်စင်စက်ကို တစ်လကြာ အသုံးပြုရုံဖြင့် စိတ်ပိုင်းဆိုင်ရာ လိုက်လျောညီထွေရှိမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်ချက်များ အပါအဝင် ဦးနှောက်၏ မှတ်သားမှုစွမ်းရည်ကို သိသိသာသာ တိုးတက်စေနိုင်ကြောင်း မကြာသေးမီက သုတေသနပြုတွေ့ရှိခဲ့သည်။

အမေရိကန်သုတေသီများသည် မန်ဆာချူးဆက်ပြည်နယ်၊ ဆိုမာဗေးလ်မြို့တွင် နေထိုင်သည့် အသက်(၃၀)မှ (၇၄)နှစ်အတွင်းရှိ လူဦးရေ ၁၁၉ ဦးကို အခြေခံ၍ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာရာမှ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်သည်။

လေထုအတွင်းရှိ အမှုန်အမွှားများနှင့် ထိတွေ့ခြင်းကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါများ၊ အယ်လ်ဇိုင်းမားနှင့် ပါကင်န်ဆန် ရောဂါများ စသည်တို့ ဖြစ်ပွားစေနိုင်ပြီး ၎င်းတို့ကို စစ်ထုတ်လိုက်ကာ သန့်ရှင်းသောလေကို ရှူရာမှ အထူးသဖြင့် လူကြီးများ၏ ဦးနှောက်စွမ်းဆောင်ရည် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ (SCI)



## G Dragon တို့အဖွဲ့က New York Times အင်တာဗျူးငြင်းဆို

ကမ္ဘာကျော်ဘစ်ဘန်းအဖွဲ့ဝင်ဟောင်းသုံးဦးဖြစ်ကြသည့် ဂျီဒရယ်ဂွန်၊ တေယောင်းနှင့် ဒေဆောင်းတို့ ဘစ်ဘန်း နှစ်(၂၀)ပြည့် ဖျော်ဖြေပွဲကျင်းပခဲ့ပြီး နယူးယော့ခ်တိုင်းမ် အင်တာဗျူးကို ငြင်းဆိုခဲ့သည့် ပထမဆုံးကေပေါ့ပ်အဖွဲ့ဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနောက်တိုင်း မီဒီယာများဖြစ်သည့် New York Times, Vanity Fair, Forbes, Hyffingbn Post နှင့် Rolling Stone စသည့်ဘက်မှ ဘစ်ဘန်းကို Cochella ပွဲအတွက် အင်တာဗျူးရန် ကမ်းလှမ်းခဲ့သော်လည်း အားလုံးက ငြင်းဆိုခဲ့ကြသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ နယူးယော့ခ်တိုင်းမ်ဂျာနယ်လစ်တစ်ဦးက ဘစ်ဘန်းသည် အင်တာဗျူးတောင်းဆိုမှုကို ငြင်းပယ်ခဲ့သည့် ကေပေါ့ပ်အနုပညာရှင်ဖြစ်ပြီး သီးသန့်တောင်းဆိုမှုကို ဂျီဒရယ်ဂွန်က ငြင်းပယ်ထား၍ နှစ်ကြိမ်အငြင်းခံခဲ့ရသည်ဟု ထုတ်ဖော်ပြောကြားထားသည်။ (SKY)

## Benny Blanco က ဇနီးသည်ကို ချီးကျူးဂုဏ်ပြု

အမေရိကန်တေးရေး၊ ထုတ်လုပ်သူ ဘန်နီဘလန်ကိုက ဇနီးသည် စလီနာဂိုးလ်မက်ဇ်ကို ချီးကျူးဂုဏ်ပြုစကားပြောကြားထားကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘန်နီဘလန်ကိုက အင်စတာဂရမ်၏ စတိုရီဖီးချားမှတစ်ဆင့် ဇနီးသည် စလီနာဂိုးမက်ဇ်ပုံတစ်ပုံတင်၍ ကမ္ဘာပေါ်တွင် အတော်ဆုံးအမျိုးသမီးကိုများ မေ့နေမလားဟူသော စာရေးတင်ထားခဲ့သည်။

ဘန်နီဘလန်ကိုသည် ဇနီးသည်အပေါ် သူ၏ချစ်ခြင်းများကို ပွင့်လင်းစွာ ထုတ်ဖော်ပြသလေ့ရှိသူဖြစ်ပြီး မင်္ဂလာမဆောင်မီ ၂၀၂၅ ဇန်နဝါရီ အင်တာဗျူးမဂ္ဂဇင်းတစ်စုတွင် သူ့အလုပ်များ ရပ်နား၍ မှန်ကန်သည့်သူနှင့်အတူ အာရုံစိုက်တော့မည်ဟု တွေးခဲ့ဖူးကြောင်း၊ ယခု ဇနီးသည် လျှောက်သည့်မြေကြီးကိုပင် လေးစားမိကြောင်း၊ ဇနီးသည်ကလည်း ထိုနည်းတူပင်ဖြစ်လိမ့်မည်ဟု ခံစားထားကြောင်း၊ နှစ်ဦးသားကြား မာနမရှိဘဲ တစ်ယောက်အောင်မြင်ရန်တစ်ယောက်က ဆုတောင်းပေးကြကြောင်း၊ နံနက်လင်းတိုင်း ဇနီးသည်ဘဝ ပိုကောင်းအောင်လုပ်ပေးရန် တွေးနေမိကြောင်း အင်တာဗျူးတွင် ပြောကြားခဲ့ပြီး လက်ရှိအချိန်ထိ ဇနီးသည်ကို ချီးကျူးဂုဏ်ပြုမဆုံးဖြစ်နေသည်။

(SKY)






## Sammy's Children's day ပရိသတ်ကြားရေပန်းစား

တရုတ်အနုပညာလောကမှ ထွက်ရှိထားသည့် Sammy's Children's day မှာ မင်းသားနှစ်လက် ပါဝင်ထားပြီး ပရိ သတ်ကြား ရေပန်းစားနေကြောင်း ဝိန်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကားတွင် စာတော်သည့် တက္ကသိုလ်ကျောင်းသားနှင့် ခပ်ဆိုးဆိုး မာဖီးယားခေါင်းဆောင်လူငယ်လေး နှစ်ဦးအကြောင်း တင်ပြထားရာ သရုပ်ဆောင်စွမ်းရည်ကောင်းမွန်သောကြောင့် ပရိသတ်ကြား ရေပန်းစားခဲ့သည်။

တရုတ်အနုပညာလောကတွင် တစ်နှစ်တစ်ခါသာ ပေါ်ထွက်ရန် ခဲယဉ်းသည့် ဘီအယ်လ်ကားတွင် ကွမ်တုံးသား ဟီရန်ရှောင်နှင့် ဟူနန်းသား ဟယ်ချန်ရှီးတို့ အဓိက ပါဝင်ထားကြသည်။ ဟယ်ချန်ရှီး၏ အမည်ရင်းမှာ ဟယ်ဝေဖြစ်ပြီး တရုတ်၊ ရုရှားသွေးနှောသူဖြစ်သည်။

ဟယ်ချန်ရှီး(ခေါ်)ဟယ်ဝေ ပါဝင်ထားသည့် ဇာတ်ကားများစွာရှိပြီး Sammy's Children's day နှင့် ပရိသတ်အားပေးမှုမြင့်မားကာ အတွဲညီခဲ့သော ဟီရန်ရှောင်နှင့်အတူ ပရိသတ်ကြားရေပန်းစားခဲ့သည်။ (SKY)

## Adele, Taylor Swift တို့ကို ကျော်လွန်ခဲ့သည့် Arirang အောင်ပွဲခံ

ကေပေါ့ပ်လောကထက်ကျော်လွန်၍ ဘီတီအက်စ်၏ Arirang ဂီတသည် အမေရိကန်တွင် ရောင်းအားသမိုင်းတစ်လျှောက် အဒဲ၊ တေလာဆွစ် စသည့် ကမ္ဘာကျော်များကို ကျော်လွန်ခဲ့ပြီး အောင်ပွဲခံနေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဂီတအယ်လ်ဘမ်သည် ဘီလ်ဘုတ်နှစ်ရာချပ်တွင် 600kt ရောင်းအားနှင့် နံပါတ်တစ်နေရာ ဗိုလ်စွဲထားကာ အေလစ်အနုပညာရှင် အဒဲ၊ တေလာဆွစ်၊ ဒရိတ်တို့ကို ကျော်လွန်သွားခဲ့သည်။

အမေရိကန်နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်း ပရိသတ်ရင်ထဲထိ ရောက်ခဲ့သော Arirang မှာ ကိုရီးယားရိုးရာယဉ်ကျေးမှုကို ဖန်တီးပုံဖော်ထားသည့် လွတ်လပ်သော ကိုရီးယားအယ်လ်ဘမ် သီးသန့်ဖြစ်ခဲ့သည်။ (SKY)



# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်

ဝါရှင်တန် မေ ၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လာမည့်သီတင်းပတ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံရန် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်း၏ တရုတ်ခရီးစဉ်ကို မတ်လနှောင်းပိုင်းတွင် စီစဉ်ထားသော်လည်း အရှေ့အလယ်ပိုင်း မတည်ငြိမ်မှုများကြောင့် မေ ၁၄ နှင့် ၁၅ ရက်သို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် သမ္မတ ထရမ့်၏ ပထမသမ္မတသက်တမ်း ၂၀၁၇ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးသည် တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (APEC) ညီလာခံ၏ ပြင်ပအစည်းအဝေး၌ နောက်ဆုံးအကြိမ် မျက်နှာချင်းဆိုင်တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံထိပ်သီးအစည်းအဝေး၌ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးအပါအဝင် ဒေသတွင်းနှင့် အရှေ့အလယ်ပိုင်းအရေးကိစ္စတို့ကို ဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# တရုတ်-ဥရောပ မီးရထားအမြန်လမ်းဝန်ဆောင်မှု၏ ၁၃၀၀၀၀ မြောက် ခရီးစဉ် ယနေ့ မှတ်တမ်းတင်နိုင်ခဲ့

ပေကျင်း မေ ၉

တရုတ်-ဥရောပ မီးရထား အမြန်လမ်းဝန်ဆောင်မှု၏ ၁၃၀၀၀၀ မြောက် ခရီးစဉ်ကို ယနေ့ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ်၏ မြို့တော် ကျန့်ကျိုးမြို့မှ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့သို့ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ထွက်ခွာသည့်ကုန်တင်ရထားသည် အဆိုပါ ခရီးစဉ်ကို မှတ်တမ်းတင်နိုင်ခြင်းဖြစ်သည်။

တရုတ်-ဥရောပ မီးရထား အမြန်လမ်းဝန်ဆောင်မှုမှတစ်ဆင့် ကုန်စည်ပို့ဆောင်မှု စုစုပေါင်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၂၀ ကျော်ရှိကြောင်း တရုတ်နိုင်ငံပိုင် မီးရထားအုပ်စု ကုမ္ပဏီက ပြောကြားသည်။

တရုတ်-ဥရောပ မီးရထား အမြန်လမ်းဝန်ဆောင်မှု၏ လမ်းကြောင်းများကို ဆက်လက်ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခဲ့ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ အမြန်နှုန်းဖြင့် ပြေးဆွဲနိုင်သော ပုံမှန်လမ်းကြောင်း ၉၃ ခုကို သတ်မှတ်ထားကြောင်း အဆိုပါ ကုမ္ပဏီက ပြောကြားသည်။

လက်ရှိတွင် တရုတ်-ဥရောပ မီးရထား အမြန်လမ်းဝန်ဆောင်မှုကို တရုတ်နိုင်ငံအတွင်းရှိ မြို့ပေါင်း ၁၂၉ မြို့တွင် ပြေးဆွဲလျက်ရှိပြီး ဥရောပနိုင်ငံ ၂၆ နိုင်ငံရှိ မြို့ ၂၃၅ မြို့နှင့် အာရှနိုင်ငံ ၁၁ နိုင်ငံရှိ မြို့ပေါင်း ၁၀၀ ကျော်ကို ချိတ်ဆက်ထားကြောင်း သိရသည်။




လက်ရှိတွင် ရထားလမ်းကြောင်းများက ကုန်စည်အမျိုးအစားပေါင်း ၅၀၀၀၀ ကျော်ကို ပို့ဆောင်ပေးလျက်ရှိသည်။

အဓိက ပို့ကုန်များမှာ မော်တော်ကားနှင့် မော်တော်ကား အစိတ်အပိုင်းများ၊ စက်ယန္တရားများ၊ အီလက်ထရောနစ်နှင့် လျှပ်စစ်ပစ္စည်းများကဲ့သို့ တန်ဖိုးမြင့်ကုန်ပစ္စည်းများ ပါဝင်သည်။ အလားတူ တရုတ်နိုင်ငံသို့ တင်သွင်းသော ကုန်ပစ္စည်းများမှာ ကျွန်းသစ်၊ ပျော့ဖတ်၊ အထူးစိုက်ပျိုးရေးထွက်ကုန်များနှင့် နေ့စဉ်လူသုံးကုန်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘာ့ဖလားဘောလုံးပွဲများ ကျင်းပရန် ပြင်ဆင်နေချိန်တွင် မက္ကဆီကို၌ စာသင်နှစ်ကို တစ်လကျော်စော၍ ပိတ်မည်ဖြစ်



မက္ကဆီကို မေ ၉

မက္ကဆီကိုနိုင်ငံသည် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို လက်ခံကျင်းပရန် ပြင်ဆင်နေချိန်တွင် စာသင်နှစ်ကို တစ်လကျော်စော၍ ပိတ်မည်ဖြစ်ကြောင်း အာဏာပိုင်များက မေ ၈ ရက်တွင် ကြေညာခဲ့ရာ ဝေဖန်ကန့်ကွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေကြောင်း သိရသည်။

စာသင်နှစ်ကို ရက်ပေါင်း ၄၀ စော၍ ပိတ်သိမ်းရန် ဆုံးဖြတ်ချက်သည် ပြည်နယ်အများအပြားတွင် ခံစားနေရသော အပူလှိုင်းဒဏ်ကြောင့်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်သည်ဟု ပညာရေးဝန်ကြီး မာရီယိုဒယ်လ်ဂါဒိုက ပြောကြားသည်။

ပြည်နယ်အများအပြားတွင် မြင့်မားသောအပူချိန်ဒဏ်ကို ခံစားနေရခြင်းနှင့် ကမ္ဘာ့ဖလားပွဲစဉ်များ ကျင်းပမည့်ကိစ္စရပ်များကြောင့် စာသင်နှစ်ကို ဇွန် ၅ ရက်နေ့တွင် အဆုံးသတ်မည်ဖြစ်ကြောင်း ၎င်းက မြောက်ပိုင်းဆိုနီရာပြည်နယ်ရှိ အခမ်းအနားတစ်ခုတွင် ပြောကြားသည်။

သို့သော် ဩဂုတ် ၃၁ ရက်နေ့၌ စတင်ရန် လျာထားသော နောက်ထပ်ပညာသင်နှစ်သစ်ကိုမူ ပြန်လည်စောစီးစွာ စတင်ရန် အာဏာပိုင်များက စဉ်းစားလျက်ရှိကြောင်း သိရသည်။

Mon

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# နောက်ဆုံးပေါ် ဂျင်ဒဲလားစမတ်ဖုန်းအပါအဝင် ထုတ်ကုန်များကို မြောက်ကိုရီးယားကုန်သွယ်ရေးပြပွဲတွင် ခင်းကျင်းပြသ

ပြုံယမ်း မေ ၉

မြောက်ကိုရီးယားနိုင်ငံသည် ယခုသီတင်းပတ်အတွင်း ကျင်းပသည့် ကုန်သွယ်ရေးပြပွဲတွင် နောက်ဆုံးပေါ် ဂျင်ဒဲလားစမတ်ဖုန်းအပါအဝင် ပြည်တွင်းဖြစ်ထုတ်ကုန်များကို ခင်းကျင်းပြသကာ နိုင်ငံခြားသားဧည့်သည်များနှင့် ကုမ္ပဏီများကို ဖိတ်ခေါ်ကြိုဆိုလျက်ရှိကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

သို့ရာတွင် ကိုရီးယားဘာသာဖြင့် ဒေါင်းဖန်ဝါပန်းဟု အမည်ပွာယ်ရသည့် ဂျင်ဒဲလားစမတ်ဖုန်းများကို တင်းကျပ်စွာ ထိန်းချုပ်ထားသော ပြည်တွင်းကွန်ရက်မှတစ်ဆင့် ပြည်သူများ ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ဖန်တီးထားခြင်းဖြစ်သည်ဟု ပြုံယမ်းအာဏာပိုင်များက ဂုဏ်ယူစွာ ဖော်ပြထားကြောင်း သိရသည်။

Mon

0-0-0-0-0

# ကမ္ဘာ့ရာသီဥတုအခြေအနေများ အယ်လ်နီညိုအသွင် ကူးပြောင်းလာ သမုဒ္ဒရာရေပြင်အပူချိန်များ အမြင့်ဆုံးသို့ ရောက်ရှိရန် နီးကပ်နေ

လန်ဒန် မေ ၉

ကမ္ဘာ့ရာသီဥတုအခြေအနေများသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်လာနိုင်သည့်ဘက်သို့ ကူးပြောင်းလာသဖြင့် သမုဒ္ဒရာရေပြင်အပူချိန်များသည် စံချိန်တင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိရန် နီးကပ်နေပြီဟု ဥရောပသမဂ္ဂ၏ ရာသီဥတုစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ကြေညာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မကြာသေးမီရက်ပိုင်းအတွင်းက ပင်လယ်ရေမျက်နှာပြင်အပူချိန်များသည် ၂၀၂၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးစံချိန်များထက် အနည်းငယ်သာ လျော့နည်းပြီး မေလအတွင်း စံချိန်သစ်တင်မည့် အခြေအနေရှိနေသည်ဟု ဥရောပအလယ်အလတ်ကာလ မိုးလေဝသခန့်မှန်းချက်ဌာနက ထုတ်ပြန်ကြေညာသည်။

သမုဒ္ဒရာရေမျက်နှာပြင် အပူချိန်များသည် စံချိန်တင် အခြေအနေသို့ ပြန်လည်ရောက်ရှိရန်မှာ ရက်ပိုင်းမျှသာ လိုတော့သည်ဟု အဆိုပါဌာန၏ ရာသီဥတုဆိုင်ရာ မဟာဗျူဟာမြောက်ဦးဆောင်သူ ဆမန်သာဘားဂတ်စ်က ပြောကြားသည်။

ဧပြီလအတွင်း နေ့စဉ်ပင်လယ်ရေမျက်နှာပြင် အပူချိန်များသည် စံချိန်တင်အမြင့်ဆုံးသို့ တဖြည်းဖြည်းနီးကပ်လာခဲ့ပြီး လာမည့်လများအတွင်း အယ်လ်နီညိုဖြစ်စဉ်သို့ ကူးပြောင်းမည့် အခြေအနေဖြစ်ပေါ်နေကြောင်း သိရသည်။

Mon

# အင်ဒိုနီးရှားနိုင်ငံရှိ ဒူကိုနိုမီးတောင် ပေါက်ကွဲမှုဖြစ်ပွား တောင်တက်သူ သုံးဦး သေဆုံး၊ ကျန်လူများအသက်ရှင်

ဂျကာတာ မေ ၉

အင်ဒိုနီးရှားနိုင်ငံရှိ ဒူကိုနိုမီးတောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားရာ တောင်တက်သမားသုံးဦး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မြောက်မာလူကူကျွန်းတွင် တည်ရှိသည့် အဆိုပါမီးတောင် ပေါက်ကွဲမှုကြောင့် ပြာပူတိမ်များသည် ကောင်းကင်ယံသို့ ၁၀ ကီလိုမီတာ (၆ မိုင်)ခန့်အထိ မြင့်တက်ပျံ့နှံ့သွားသည်ကို သတင်းဗီဒီယိုနှင့် မှတ်တမ်းဓာတ်ပုံများတွင် တွေ့ရှိရသည်။

သေဆုံးသူ သုံးဦးသည် ကန့်သတ်တားမြစ်ချက်များကို ဖောက်ဖျက်ကာ တောင်တက်ခဲ့ကြသည့် စင်ကာပူနိုင်ငံသားနှင့် အင်ဒိုနီးရှားနိုင်ငံသား စုစုပေါင်း ၂၀ ဦးပါဝင်သော အဖွဲ့မှဖြစ်ပြီး ကျန်ရှိနေသူများကိုမူ ကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိခဲ့ပြီး တောင်ပေါ်မှ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့သည်။

အဆိုပါမီးတောင်သည် ပြီးခဲ့သည့် မတ်လမှစတင်၍ အကြိမ်ရေ ၂၀၀ ထက်မနည်း ပေါက်ကွဲခဲ့သဖြင့် တောင်တက်ခြင်းမပြုရန် တာဝန်ရှိသူများက ကြိုတင်သတိပေးချက်များ ထုတ်ပြန်ထားခဲ့ကြောင်း သိရသည်။ Mon





## စဉ့်ကိုင်မြို့နယ် လင်းဇင်းကျေးရွာ၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် မေ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာများရရှိပြီး ဗဟုသုတတိုးပွားလာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန် အသိပညာပေးဟောပြောပွဲကို လင်းဇင်းကျေးရွာ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များနှင့် ရှောင်ရန်၊ ဆောင်ရန်များကို လည်းကောင်း၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသီဟကျော်က လတ်တလောလေထု အခြေအနေညစ်ညမ်းမှုနှင့် စပ်လျဉ်း၍ မီးခိုးမြူငွေ့သက်ရောက်မှုကြောင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အခြေအနေများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များအပေါ် ထိခိုက်မှုလျော့ပါးစေရေး "မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ပါးစေရေး ပူးပေါင်းပါဝင်ဆောက်ရွက်ကြပါစို့" ခေါင်းစဉ်ပါ အကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးကြုံတွေ့လာပါက လိုက်နာဆောင်ရွက်ရန် နည်းလမ်းများကိုလည်းကောင်း အများပြည်သူများ သိရှိစေရန် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဟောပြောပွဲပြီးနောက် တက်ရောက်လာကြသည့် ကျေးရွာသူ၊ ရွာသားများအား အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## စည်ပင်သာယာဈေးများ မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ နေ့ညမပြတ်စစ်ဆေး

**ပွင့်ဖြူ မေ ၉**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပွင့်ဖြူမြို့မဈေးကြီးအပါအဝင် ကျေးလက်စည်ပင်သာယာဈေးလေးခုအား မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများကို သက်ဆိုင်ရာဈေးတာဝန်ခံနှင့် ဝန်ထမ်းများက ဈေးကော်မတီအဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး နေ့ညမပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ကြီးကြပ်မှုဖြင့် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့် ပူးပေါင်းပြီး မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဈေးများကို မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးအတွက် ဈေးအတွင်း၊ အပြင်ရှိ လုံခြုံရေးမီးများနှင့် ဈေးဆိုင်ခန်းများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီးများ မီးဘေးအန္တရာယ် မဖြစ်စေရေး စစ်ဆေးခြင်း၊သဘာဝဘေးဒဏ်ကြောင့် မီးမလင်းသည့် လျှပ်စစ်မီးသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ဈေးသူ၊ ဈေးသားများ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်ထားရှိရေးနှင့် မလိုအပ်ဘဲ လျှပ်စစ်မီးသုံးစွဲခြင်းများ မပြုလုပ်ကြရန် အသိပညာပေးခြင်း၊ ဈေးမီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်အနေထားအသုံးပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊ မီးလောင်စေနိုင်သော လောင်စာများနှင့် အမှိုက်သရိုက်များ မရှိစေရေးသန့်ရှင်းရေးပြုလုပ်ခြင်း စသည့် မီးဘေးလုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးများအားလုံးတွင် မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ကြပ်မတ်စစ်ဆေးခြင်းအပြင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်း၊ ဈေးတွင်း ၊ ဈေးပြင်သန့်ရှင်းသပ်ရပ်မှုရှိစေရန် အပတ်စဉ် ဈေးသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မပျက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိထံမှ သိရသည်။

(၄၄၅)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ပဲခူး မေ ၉**

ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မေ ၆ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဦးအောင်မောင်း(၄၈)နှစ်ဆိုသူ၏ နေအိမ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦးအောင်မောင်း၏ နေအိမ်၌ ၄င်းပါ အမျိုးသားရှစ်ဦးတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများ၊ ဆိုင်ကယ်သုံးစီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်မောင်းပါရှစ်ဦးဆိုသူတို့အား အေးမြသာယာ နယ်မြေရဲစခန်း (ပ)၁၅/၂၀၂၆၊လောင်းကစားဥပဒေပုဒ်မ ၁၆(က)/၁၇(က) ဖြင့် လည်းကောင်း



အလားတူ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၉)ရပ်ကွက်နေ မိတာ(ခ)မေသကြီန်ဦး(၃၀)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်ငူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မိတာ(ခ)မေသကြီန်ဦးဆိုသူအား ၄င်း၏နေအိမ်အောက်ထပ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မိတာ(ခ)မေသကြီန်ဦးဆိုသူအား တောင်ငူမြို့မရဲစခန်း(ပ)၇၇/ ၂၀၂၆၊ လောင်းကစားဥပဒေပုဒ်မ ၁၈(က)/၁၉(က) ဖြင့် လည်းကောင်း။ **(အပေါ်ပုံ)**

ထို့အတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာနေ ဒေါ်အိအိနွယ်(၃၄)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပေါင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်အိအိနွယ်ဆိုသူအား ၄င်း၏နေအိမ်ဈေးဆိုင်အတွင်း၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်အိအိနွယ်ဆိုသူအား ပေါင်မြို့မရဲစခန်း (ပ) ၂၄/၂၀၂၆၊ လောင်းကစား ဥပဒေပုဒ်မ ၁၈(က)ဖြင့် လည်းကောင်း။

ထို့အတူ မွန်းလွဲ ၃ နာရီခွဲတွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက်နေ ဦးဝါဆို(ခ) ဦးမြင့်ဝင်း(၆၅)နှစ်ဆိုသူ၏ နေအိမ်တွင် နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးဝါဆို(ခ)ဦးမြင့်ဝင်းဆိုသူအား ၄င်း၏နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဝါဆို(ခ)မြင့်ဝင်းဆိုသူအား သထုံမြို့မရဲစခန်း (ပ)၅၀/၂၀၂၆၊ လောင်းကစားဥပဒေပုဒ်မ ၁၈(က)/၁၉(က) ဖြင့် လည်းကောင်း။

ထို့အတူ ညနေ ၅ နာရီခွဲတွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျခတ်ငူကျေးရွာနေ ဒေါ်ပန်းစီ(၆၆)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မုတ္တမနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်ပန်းစီဆိုသူအား ၄င်းနေအိမ်မီးဖိုချောင်အတွင်း၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်ပန်းစီဆိုသူအား မုတ္တမနယ်မြေရဲစခန်း (ပ)၂၄/၂၀၂၆၊ လောင်းကစားဥပဒေပုဒ်မ ၁၈(က)/၁၉(က)ဖြင့် လည်းကောင်းအသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၌ သစ်ပင်လဲကျသဖြင့် ရှင်းလင်း

**နေပြည်တော် မေ ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၌ လုံးပတ် ၃ ပေ၊ အမြင့် ၅၀ ပေခန့်ရှိ ပိန္နဲပင်သည် မြေပွ၍ အမြစ်လန်လဲကျမှု ဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မေ ၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## လက်ဖက်ရည်ဆိုင် မီးလောင်မှုဖြစ်ပွား

**ရေကြည် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၄)ရပ်ကွက်၌ ပိုင်ရှင် ဦးတင်ထွေး(၅၅)နှစ်ဆိုသူ၏ (၂၀×၃၀)ပေ၊ သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်းတစ်ထပ် လက်ဖက်ရည်ဆိုင်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိ ထရံကာသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရေကြည်မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မေ ၇ ရက် နံနက် ၁ နာရီ ၂၈ မိနစ်တွင် မီးငြိမ်းခဲ့ပါသည်။

အဆိုပါမီးလောင်မှုကြောင့် (၂၀×၃၀)ပေ၊ သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း တစ်ထပ် ဆိုင်ခန်းနှစ်ခန်း၊ (၂၀×၁၅)ပေ၊ သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း တစ်ထပ် ဆိုင်ခန်းတစ်ခန်း စုစုပေါင်းဆိုင်ခန်း သုံးခန်းမီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးတင်ထွေးဆိုသူအား အသုတ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ထန်းတပင်မြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၉

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေစိုကျေးရွာ ငြိမ်းအေးဓမ္မဗိမာန်၌ အခြေပြု၍ ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၅၀ တို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။



အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် မဟာဓမ္မပါလကျောင်း နန်းဦးကျောင်းတိုက် အဂ္ဂမဟာဂုဏ်ရည်ကျောင်းဆောင်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သံဃာတော် ၂၃ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၇၇ ပါးနှင့် ဒေသခံပြည်သူ ၇၁ ဦးတို့အား သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ကုသဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ စာမျက်နှာ ၂၄ မှ

ဆက်စပ်သတင်းများအရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘဂျမ်းကို ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကတိုးကျေးရွာရှိ နေအိမ်၌ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်၊ ၅၉ လမ်းနှင့် ၁၃၉ လမ်းထောင့်၌ ရပ်တန့်ထားသည့် NISSAN CONDOR ခြောက်ဘီးယာဉ်ပေါ်မှ စိတ်ကြွဆေးပြား လေးသန်း (ခန့်မှန်းတန်ဖိုးငွေကျပ် ခြောက်ဘီလီယံခန့်)ကို ထပ်မံသိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ခန့်မှန်းငွေကျပ် ၉ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၇၇ ကီလိုနှင့် စိတ်ကြွဆေးပြား လေးသန်းတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ရာ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများကိုလည်း ဆက်လက်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

စိတ်ကြွဆေးပြား လေးသန်းနှင့်အတူ ဖမ်းဆီးရမိသည့် ဘဂျမ်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရန် ခိုင်းစေသူ နိုင်ဝင်း(ခ)ရှပ်ဆိုးကို တွေ့ရစဉ်။




## မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး လူမှုစီးပွားဘဝထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် မွေးမြူရေးခြံများတွင် အောက်ဖော်ပြပါ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

၁။ မိမိခြံရှိတိရစ္ဆာန်များအား အခြားတိရစ္ဆာန်များနှင့် မရောနှောစေရန်နှင့် ခြံအတွင်းသို့ တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်အတွက် မွေးမြူရေးခြံကို လုံခြုံစိတ်ချစွာကာရံ၍ စနစ်တကျထိန်းသိမ်းမွေးမြူပါ။

၂။ ပြင်ပမှလူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ခြံအတွင်းဝင်ရောက်မှုအား ကန့်သတ်ပြီး "တာဝန်ရှိသူမှအပ မဝင်ရ" တားမြစ်ဆိုင်းဘုတ်ထားရှိပါ။

၃။ ခြံအတွင်းသို့ ဝင်ရောက်ရာတွင် ခြံဝင်ပေါက်၌ ခြေလက်များကိုပိုးသတ်၍ သန့်စင်ပြီး သတ်မှတ်ထားသည့် ခြံအသုံးပြုဖိနပ်အား ပြောင်းလဲစီးနင်းကာ ပိုးသတ်ဆေးကန်ကိုဖြတ်သန်းပြီးမှ ဝင်ရောက်ပါ။

၄။ ခြံအသုံးအဆောင်ပစ္စည်း (အစာခွက်၊ရေခွက်)များအား ပုံမှန်ပိုးသတ်သန့်စင်ဆေးကြောပါ။

၅။ ခြံအတွင်း လုပ်ကိုင်ဆောင်ရွက်နေသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။

၆။ ခြံထွက်စွန့်ပစ်ပစ္စည်းများ (အမှိုက်၊ မစင်၊ သွေး၊ အကျိအချွဲ) ကင်းရှင်းအောင် သန့်ရှင်းဆေးကြောပြီးလျှင် ကြွက်နှင့် အခြား အင်းဆက်ပိုးမွှားများရန်မှကာကွယ်ရန် ခြံအားပိုးသတ်ဆေးဖျန်း၍ ပိုးသတ်ပါ။

၇။ တိရစ္ဆာန်များအား အသုတ်လိုက်မွေးပြီး အသုတ်လိုက်ထုတ်ပါ။

၈။ မွေးမြူသူများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိပြီး စနစ်တကျလိုက်နာဆောင်ရွက်ပါ။

၉။ မွေးမြူထားသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ကာကွယ်ဆေး စနစ်တကျထိုးနှံပါ။ ထို့ပြင် ရောဂါဖြစ်ပွားမှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဆက်သွယ်ရန်ဖုန်း - ၀၆၇၃၄၀၈၄၆၃

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၆)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| ကက်ဂလီယာရီ | ၀ | ၂ | အူဒီးနိစ် |
| လာဇီယို | ၀ | ၃ | အင်တာမီလန် |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၃)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| အော့စ်ဘတ် | ၃ | ၁ | မိုချန်ဂလာဘတ် |
| ဗရီမင် | ၃ | ၁ | လေဗာကူဆင် |
| လိုက်ပဇစ် | ၂ | ၁ | စိန့်ပေါလီ |
| ဝုဖ်ဘတ် | ၀ | ၁ | ဘိုင်ယန်မြူးနစ် |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅) အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| အယ်လ်ချီ | ၁ | ၁ | အလာဗက်စ် |
| ဆီဗီလာ | ၂ | ၁ | အက်စ်ပန်ညို |
| အက်သလက်တီကို | ၀ | ၁ | ဆဲလ်တာဗီဂို |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၆) အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| လီဗာပူး | ၁ | ၁ | ချဲလ်ဆီး |
| ဘရိုက်တန် | ၃ | ၀ | ဝုဖ် |
| ဖူလ်ဟမ် | ၀ | ၁ | ဘုန်းမောက် |
| ဆန်းဒါးလန်း | ၀ | ၀ | မန်ယူ |
| မန်စီးတီး | ၃ | ၀ | ဘရန့်ဖို့ဒ် |

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

မိုး/၈လ




## ဗယ်လ်ဗာဒီ ဦးခေါင်းဒဏ်ရာကြောင့် နှစ်ပတ်ခန့်အနားယူရဖွယ်ရှိ



**မက်ဒရစ် မေ ၉**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဗယ်လ်ဗာဒီ ဦးခေါင်းဒဏ်ရာကြောင့် နှစ်ပတ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အသင်းဖော် ချူအာမန်နီနှင့် အချင်းများခဲ့ရာမှ ခိုက်ရန်ဖြစ်ပွားခဲ့ပြီး ဦးခေါင်းဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဗယ်လ်ဗာဒီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ် အရွယ်ရှိ ဗယ်လ်ဗာဒီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၂ပွဲကစားကာ ၄၁ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

**(ယာပုံ) (NGB)**

## ကားလ်စထရွမ် အူဒီးနိစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို




**တူရင် မေ ၉**

အူဒီးနိစ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား ကားလ်စထရွမ်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အူဒီးနိစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၄ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၃၀)နှစ် အရွယ်ရှိ ကားလ်စထရွမ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အပေါ်ဝဲပုံ) (NGB)**

## ဂျာအိုပယ်လင်ဟာကို အပြီးသတ်ခေါ်ယူရန် စပါးအသင်းစီစဉ်


**လန်ဒန် မေ ၉**

စပါးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား ဂျာအိုပယ်လင်ဟာကို အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ် အရွယ်ရှိ ကွင်းလယ်ကစားသည် ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းမှ စပါးအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၄၂ ပွဲကစားကာ ခြောက်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက အပြီးသတ် ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

စပါးအသင်းထုတ်ပြန်ချက်တွင် "ဂျာအိုပယ်လင်ဟာကို အပြီးသတ် ခေါ်ယူရန် စီစဉ်နေပါပြီ။ အပြောင်းအရွှေ့ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Yao Xinxin တက်ရောက်

**ပေကျင်း မေ ၉**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အိမ်ရှင် တရုတ်တင်းနစ်မယ် Yao Xinxin တက်ရောက်ခဲ့သည်။



အဆိုပါ တရုတ်တင်းနစ်မယ် Yao Xinxin သည် 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ထိုင်းတင်းနစ်မယ် Lanlana Tararudee အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်တရုတ်တင်းနစ်မယ် Yao Xinxin နှင့် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် You Xiaodi တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ် သည်။

**(ဝဲပုံ) (NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက လီဗန်တေးအသင်းနှင့် အိုဆာဆူနာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗန်တေးအသင်းက အိုဆာဆူနာအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။
* ဧပြီလအတွက် ပရီးမီးယားလိဂ် အကောင်းဆုံးသွင်းဂိုးဆုကို ဘရိုက်တန်ဟောင်ပံကစားသမား မီတိုမာ ဆွတ်ခူးခဲ့သည်။(NGB)

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၅-၂၀၂၆<br>ညနေ ၆း၃၀ နာရီ | (၁၅)မာယောကာ - ဗီလာရီးရဲလ်(၃)<br>(W,W,D,L,W) (L,W,D,W,W) | မာယောကာ ၁-၂ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၄-၀ မာယောကာ |
| ၁၀-၅-၂၀၂၆<br>ည ၈း၄၅ နာရီ | (၈)ဘီလ်ဘာအို - ဗလင်စီယာ(၁၂)<br>(L,L,W,L,W) (L,L,D,W,L) | ဘီလ်ဘာအို ၁-၀ ဗလင်စီယာ<br>ဗလင်စီယာ ၀-၁ ဘီလ်ဘာအို |
| ၁၀-၅-၂၀၂၆<br>ည ၁၁း၀၀ နာရီ | (၂၀)အိုဗီဒို - ဂီတာဖေး(၇)<br>(W,W,D,L,L) (W,L,W,L,L) | ———— |
| ၁၁-၅-၂၀၂၆<br>နံနက် ၁း၃၀ နာရီ | (၁)ဘာစီလိုနာ - ရီးရဲလ်မက်ဒရစ်(၂)<br>(W,W,W,W,W) (D,L,W,D,W) | ဘာစီလိုနာ ၄-၃ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၀-၄ ဘာစီလိုနာ |

## ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၅-၂၀၂၆<br>ည ၈း၀၀ နာရီ | (၁၂)ဟမ်းဘတ် - ဖရိုင်းဘတ်(၇)<br>(D,L,L,L,W) (L,L,L,D,W) | ဟမ်းဘတ် ၁-၀ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၀-၀ ဟမ်းဘတ် |
| ၁၀-၅-၂၀၂၆<br>ည ၁၀း၀၀ နာရီ | (၁၄)ကိုလုံး - ဟိုင်ဒန်ဟိမ်း(၁၈)<br>(D,W,D,L,D) (D,W,L,W,D) | ကိုလုံး ၁-၁ ဟိုင်ဒန်ဟိမ်း<br>ဟိုင်ဒန်ဟိမ်း ၄-၁ ကိုလုံး |
| ၁၁-၅-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | (၁၀)မိန့်ဇ် - ယူနီယံဘာလင်(၁၃)<br>(L,L,D,L,W) (D,L,L,L,D) | မိန့်ဇ် ၁-၁ ယူနီယံဘာလင်<br>ယူနီယံဘာလင် ၂-၁ မိန့်ဇ် |

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၁-၅-၂၀၂၆<br>နံနက် ၁း၃၀ နာရီ | (၁၃)အန်ဂါးစ် - စထရာဘော့စ်(၈)<br>(D,L,D,L,L) (L,W,L,L,L) | အန်ဂါးစ် ၂-၁ စထရာဘော့စ်<br>စထရာဘော့စ် ၁-၁ အန်ဂါးစ် |
| ॥ | (၁၆)အော်ဇေး - နိစ်(၁၅)<br>(D,D,D,L,W) (D,D,W,D,D) | အော်ဇေး ၂-၁ နိစ်<br>နိစ် ၁-၁ အော်ဇေး |
| ॥ | (၁၄)လီဟာဗာ - မာဆေးလ်(၇)<br>(D,D,D,D,D) (L,W,L,D,L) | လီဟာဗာ ၁-၃ မာဆေးလ်<br>မာဆေးလ် ၅-၁ လီဟာဗာ |
| ॥ | (၁၈)မက်ဇ် - လိုရီယန့်(၉)<br>(L,L,D,D,L) (D,L,W,L,D) | မက်ဇ် ၁-၂ လိုရီယန့်<br>လိုရီယန့် ၂-၃ မက်ဇ် |
| ॥ | (၆)မိုနာကို - လိုင်လီ(၄)<br>(W,L,D,D,W) (W,W,D,W,D) | မိုနာကို ၀-၀ လိုင်လီ<br>လိုင်လီ ၂-၁ မိုနာကို |
| ॥ | (၁)ပီအက်စ်ဂျီ - ဘရက်စ်(၁၂)<br>(W,W,W,D,D) (L,L,D,D,L) | ပီအက်စ်ဂျီ ၃-၁ ဘရက်စ်<br>ဘရက်စ် ၂-၅ ပီအက်စ်ဂျီ |
| ॥ | (၅)ရင်းနက်စ် - ပါရီ(၁၁)<br>(W,W,W,W,L) (D,W,W,L,W) | ———— |
| ॥ | (၁၀)တူးလော့စ် - လိုင်ယွန်(၃)<br>(L,L,L,D,W) (D,W,W,W,W) | တူးလော့စ် ၁-၂ လိုင်ယွန်<br>လိုင်ယွန် ၀-၀ တူးလော့စ် |

## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၅-၂၀၂၆<br>ညနေ ၅း၀၀ နာရီ | (၁၉)ပီရိုနာ - ကိုမို(၆)<br>(L,L,L,D,D) (L,L,L,W,D) | ပီရိုနာ ၁-၁ ကိုမို<br>ကိုမို ၃-၂ ပီရိုနာ |
| ၁၀-၅-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၈)ခရီမိုနီစီ - ပီဆာ(၂၀)<br>(L,L,D,L,L) (L,L,L,L,L) | ———— |
| ॥ | (၁၆)ဖီအိုရင်တီးနား - ဂျီနိုအာ(၁၄)<br>(W,W,D,D,L) (L,W,W,L,D) | ဖီအိုရင်တီးနား ၂-၁ ဂျီနိုအာ<br>ဂျီနိုအာ ၀-၁ ဖီအိုရင်တီးနား |
| ၁၀-၅-၂၀၂၆<br>ည ၁၀း၃၀ နာရီ | (၁၂)ပါးမား - ရိုးမား(၅)<br>(D,D,W,W,L) (L,W,D,W,W) | ပါးမား ၀-၁ ရိုးမား<br>ရိုးမား ၅-၀ ပါးမား |
| ၁၁-၅-၂၀၂၆<br>နံနက် ၁း၁၅ နာရီ | (၃)အေစီမီလန် - အတ္တလန္တာ(၇)<br>(L,L,W,D,L) (L,D,L,L,D) | အေစီမီလန် ၀-၁ အတ္တလန္တာ<br>အတ္တလန္တာ ၂-၁ အေစီမီလန် |

## အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၅-၂၀၂၆<br>ည ၇း၃၀ နာရီ | (၁၉)ဘန်လေ - အက်စတွန်ဗီလာ(၅)<br>(L,L,L,L,L) (W,L,L,L,W) | ဘန်လေ ၁-၃ အက်စတွန်ဗီလာ<br>အက်စတွန်ဗီလာ ၃-၂ ဘန်လေ |
| ॥ | (၁၅)ပဲလေ့စ် - အဲဗာတန်(၁၀)<br>(D,L,W,L,W) (W,D,L,L,D) | ပဲလေ့စ် ၁-၂ အဲဗာတန်<br>အဲဗာတန် ၂-၁ ပဲလေ့စ် |
| ॥ | (၁၆)နော်တင်ဟမ် - နယူးကာဆယ်(၁၃)<br>(W,W,W,W,L) (L,L,L,L,W) | နော်တင်ဟမ် ၁-၃ နယူးကာဆယ်<br>နယူးကာဆယ် ၄-၃ နော်တင်ဟမ် |
| ၁၀-၅-၂၀၂၆<br>ည ၁၀း၀၀ နာရီ | (၁၈)ဝက်စ်ဟမ်း - အာဆင်နယ်(၁)<br>(L,W,D,W,L) (L,W,D,W,W) | ဝက်စ်ဟမ်း ၂-၅ အာဆင်နယ်<br>အာဆင်နယ် ၀-၁ ဝက်စ်ဟမ်း |



## ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အသစ်ရွေးချယ်ခန့်ထားနိုင်စေရေး အစည်းအဝေးကျင်းပ

**ချောက် မေ ၉**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ရပ်ကွက်(သို့မဟုတ်)ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်ခန့်ထားနိုင်စေရေးအတွက် အစည်းအဝေးကို မေ ၈ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်က ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် လိုက်နာရမည့် စည်းကမ်းချက်တို့အား အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစစ်ငြိမ်းအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းတို့က ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်နိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရမည့် တာဝန်များ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တို့ကို ရှင်းလင်း၍ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရန်အတွက် စနစ်တကျ ရွေးချယ်ခြင်းတို့ကို မဲပုံးဖြင့် လက်တွေ့သရုပ်ပြခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အသစ် ရွေးချယ်ခန့်ထားနိုင်စေရေး အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးသန်းလှိုင်၊ ရပ်ကွက်အလိုက် မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကြီးကြပ်မှုကော်မတီ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က ရှင်းလင်းဖြေကြား၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝင်းအိမွန်(ပြန်/ဆက်)**

## လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံပွဲကျင်းပ

**စဉ့်ကူး မေ ၉**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံပွဲကို မေ ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟိန်းမင်းဦးက လွှတ်တော် အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ လိုအပ်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းက ရက်(၁၀၀)စီမံချက်ကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို သက်ဆိုင်ရာ ဌာနများအား တာဝန်ပေးအပ်ထားရှိမှု အခြေအနေအား ရှင်းလင်းတင်ပြခြင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ကြုံတွေ့ရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြရာ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

ထို့နောက် စဉ့်ကူးမြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများတွင် အသုံးပြုရန်အတွက် အောက်ဆီဂျင်စက် ခုနစ်လုံးအား သန္တိသစ္စာကုမ္ပဏီမှ ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းဦးက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**တင်စာလွင်(ပြန်/ဆက်)**



## ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံရှင်းလင်း

**ဟုမ္မလင်း မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ ရှင်းလင်းပွဲကို မေ ၆ ရက် နံနက်ပိုင်းက တာပတောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ကျေးရွာမြေငှားဂရန် ထုတ်ပေးရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ချပြရှင်းလင်းခဲ့ကာ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးက ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ထပ်ဆင့်ချပြရှင်းလင်းခဲ့ပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများမှ သိရှိလိုသည်များအား တင်ပြဆွေးနွေးခဲ့ကြသည်။



အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**

## ရက်(၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ကျေးရွာများအရောက် ကွင်းဆင်းထိုးနှံပေး

**သရက် မေ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နိုင်ငံတော်အစိုးရသစ်လက်ထက် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာများ အရောက်ကွင်းဆင်း၍ ကျွဲ၊ နွားများအား ကူးစက်ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်းကို မေ ၈ ရက် နံနက် ၆ နာရီက စတင်ပြီး ထုံးတောင်ကျေးရွာအုပ်စု၊ ထုံးတောင်ကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သရက်မြို့နယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဦးဆောင်ပြီး ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သား(CAHW)များနှင့်အတူ မွေးမြူရေးတောင်သူ ၆၁ ဦး မွေးမြူထားသည့် ကျွဲ၊ နွား စုစုပေါင်း ၁၉၆ ကောင်အား ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း အသိပညာပေးခြင်း၊ မေထုံမဲ့သားစပ်ခြင်းနှင့် နို့စားနွားများ တိုးချဲ့မွေးမြူခြင်းကြောင့် ရရှိလာသည့် အကျိုးအမြတ်များ အကြောင်း အသိပညာပေးဆွေးနွေးပေးပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ဝေသည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



## ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများ ကျင်းပ

**ကျိုင်းတုံ မေ ၉**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကို ကျိုင်းတုံခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများကို မေ ၇ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၂၈) မူးယစ်တပ်ဖွဲ့ ကျိုင်းတုံမှ ဒုတိယရဲမှူး ဝင်းထွန်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရာသို့ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်း၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ)ရဲမှူးကြီးနေမျိုးထွဋ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေ၊ အမှတ်(၇) မူးယစ်တပ်ဖွဲ့ခွဲ(ကျိုင်းတုံ)မှ ဒုတိယရဲမှူးကြီး ကျော်ဇေယျဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*-*



## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံ

**မန္တလေး မေ ၉**

မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံပွဲကို မေ ၈ ရက် နံနက် ၉နာရီက ဒေးဝန်းအနောက်ရပ်ကွက်၊ အထက်ကမ်းနားလမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ နဒီဝင်းဓမ္မာရုံတွင် ကျင်းပခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးနှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနှင့် အကွက်မှူးများ၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်တို့မှ တာဝန်ရှိသူများ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြည်သူများ၏ လိုအပ်ချက်များကို ဌာနဆိုင်ရာများဖြင့် ညှိနှိုင်းဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြည်သူများတင်ပြထားသည့် လျှပ်စစ်မီးမှန်မှန်ရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့ကိုလည်း အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားပြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က စည်းကမ်းမဲ့သွယ်တန်းထားသော ဝိုင်ဖိုင်ကြိုးများကိုလည်း သက်ဆိုင်ရာနှင့်ညှိနှိုင်းပြီး ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်အရ ပြည်သူလူထု၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်ပါတီဥက္ကဋ္ဌက မြို့နယ်ပါတီမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များသည် အကွက်(၃၂၀)အတွင်း လမ်းခင်းရန် အကွက်(၃၂၂)ဓမ္မာရုံမြေနေရာ ရရှိရေးနှင့် သင်္ဂဇာချောင်းကူးအောင်မြေမင်္ဂလာတံတားပြန်လည်ပြုပြင်ရန်၊ အကွက်(၃၁၂)အတွင်း လျှပ်စစ်မီးဓာတ်တိုင်လဲလှယ်ပေးရန်နှင့် အကွက်(၃၁၃)အတွင်း ရေနုတ်မြောင်းပါ ကွန်ကရစ်လမ်းခင်းပေးရန်တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၁)

## ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**မင်းဘူး မေ ၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို မေ ၈ ရက်က လူဝင်ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ One Stop Service ဖြင့် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပေးနေမှု အခြေအနေများကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်၊ မင်းဘူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးမင်းလတ်တို့က သွားရောက်ကြည့်ရှုအားပေးပြီး လာရောက်ဆောင်ရွက်သည့် ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ်များ ပေးအပ်ခဲ့သည်။

ထို့သို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ရက်(၁၀၀)စီမံချက်ဖြင့် မင်းဘူး(စကု)မြို့နယ် လေးအိမ်တန်းကျေးရွာမှ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ်များကို One Stop Service ဖြင့် နေ့ချင်းပြီး ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ရက်(၁၀၀)စီမံချက်ဖြင့် ကျန်ရှိသည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်မောင်(မင်းဘူး)**



## လူထုအခြေပြုဗဟိုဌာန၌ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**ကျေးသီး မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်ရုံးတွင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလ၌ ကလေးကဗျာရွတ်ဆိုပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က ကျင်းပရသည့် ရည်ရွယ်ချက်နှင့် စာအုပ်၊ စာပေ၊ ကဗျာတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံသားကောင်းများ ဖြစ်လာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး စသည့် ကဗျာ၊ စာပေဆိုင်ရာတို့ကို ပြောကြားခဲ့သည်။



ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲကို ပြုလုပ်ပေးရာ ကျောင်းသူ၊ ကျောင်းသားတို့က တပျော်တပါး ပါဝင်ရှင်ပြိုင်ခဲ့ကြပြီး အနိုင်ရရှိသူတို့အား ဆုချီးမြှင့်ပေးကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ဆောင်းကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်လာမှုကြောင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာ

**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကြက်သွန်နီ အဓိကစိုက်ပျိုးထုတ်လုပ်ရာ ဒေသများမှ ဆောင်းကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာခြင်းကြောင့် ပြီးခဲ့သည့် ဧပြီလအတွင်းက မြင့်တက်ခဲ့သော ကြက်သွန်နီဈေးနှုန်းများမှာ ယခု မေလ ဒုတိယပတ်အတွင်း ပြန်လည်ကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦး၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ပျော်ဘွယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင် ကြက်သွန်နီကို အများဆုံးစိုက်ပျိုးကြပြီး အထူးသဖြင့် တစ်နှစ်ပတ်လုံးအထားခံသည့် ဆောင်းကြက်သွန်နီကို မိုးကုန်ရာသီ တန်ဆောင်မုန်းလနှင့် နတ်တော်လတို့တွင် ပျိုးပင်များရွှေ့ပြောင်းစိုက်ပျိုးကာ ယခုကဲ့သို့ တပို့တွဲ၊ တပေါင်းလများမှစ၍ လှိုင်လှိုင်တူးဖော်ထွက်ရှိခြင်းဖြစ်သည်။

ဈေးကွက်အတွင်း၌ ကြက်သွန်နီမျိုးများဖြစ်သည့် ဥပိုင်း၏ အခွံပါးကာ အသားနုသော မြစ်သား(ရွှေဖလား)မျိုးနှင့် ဥရှည်ပြီး အခွံထူကာ အသားကြမ်းသည့် မြင်းခြံမျိုးဟူ၍ အမျိုးအစားအလိုက် ဝင်ရောက်လျက်ရှိရာ စားသုံးသူများအနေဖြင့် မိမိတို့နှစ်သက်ရာ အမျိုးအစားများကို ရွေးချယ်ဝယ်ယူလျက်ရှိကြသည်။

ဈေးနှုန်းအခြေအနေမှာ ပြီးခဲ့သည့် ဧပြီလအတွင်းက ကြက်သွန်နီ တစ်ပိဿာလျှင် အရည်အသွေးအလိုက် ငွေကျပ် ၄,၀၀၀ မှ ၅,၀၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုအခါ မြစ်သား(ရွှေဖလား)မျိုး တစ်ပိဿာလျှင် ငွေကျပ် ၃,၀၀၀ မှ ၃,၅၀၀ ၊ မြင်းခြံမျိုး တစ်ပိဿာလျှင် ငွေကျပ် ၂,၀၀၀ မှ ၂,၅၀၀ ဝန်းကျင်အထိ ဈေးနှုန်းများ ပြန်လည်ကျဆင်းကာ အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိသည်။

ယခုကဲ့သို့ ကြက်သွန်နီအသစ်များ ဈေးကွက်အတွင်း အလုံးအရင်းဖြင့် ဝင်ရောက်လာခြင်းကြောင့် စားသုံးသူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်သည့်အပြင် ဒေသတွင်း၌လည်း ကြက်သွန်နီကို ပါးပါးလှီးကာ ကြက်သွန်ခြောက်ပြုလုပ်၍ ကြက်သွန်ခြောက်ကြော်အဖြစ် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေများ ရလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**

*-*-*-*-*-*-*

## စင်တင်တေးဂီတဆိုင် လုပ်ငန်းရှင်များ လိုက်နာရမည့် စည်းကမ်းချက်များ ချပြရှင်းလင်းခြင်း ပြုလုပ်

**အမရပူရ မေ ၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက အမရပူရမြို့နယ် အတွင်းရှိ KTV (CDOK) နှင့် စင်တင်တေးဂီတဆိုင် လုပ်ငန်းရှင်များ လိုက်နာရမည့် စည်းကမ်းချက်များ ချပြရှင်းလင်းခြင်း အခမ်းအနားကို ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လုပ်ငန်းရှင်များက မိတ်ဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းရှင်အဖွဲ့ဝင်၊ KTV (CDOK)နှင့် စင်တင်တေးဂီတဆိုင် လုပ်ငန်းရှင်များ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက လိုက်နာရမည့် စည်းကမ်းချက်များနှင့် လိုက်နာလုပ်ဆောင်ရမည့် အချက်များနှင့် လိုက်နာမှုမရှိက ကျခံရမည့်ပြစ်မှုပြစ်ဒဏ်များ အကြောင်းကို အကျယ်တဝင့်ပြောကြားခဲ့သည်။

ဆက်လက်၍ အမရပူရခရိုင် KTV (CDOK)နှင့် စင်တင်တေးဂီတဆိုင်လုပ်ငန်းရှင်များ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများကို လိုက်နာရန်နှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် ထပ်လောင်းပြောကြားခဲ့သည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းရှင်အဖွဲ့ဝင် KTV (CDOK)နှင့် စင်တင်တေးဂီတဆိုင် လုပ်ငန်းရှင်များ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် KTV (CDOK)နှင့် စင်တင်တေးဂီတဆိုင်လုပ်ငန်းရှင်များကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**စိုးသီဟ(အမရ)**

# ညီညွတ်မှုအားနဲ့ တို့ကူညီ လူသားချင်းစာနာတဲ့ ကြက်ခြေနီ

## (၂၀၂၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ဂုဏ်ပြု)

မောင်ပြည်သူ(မန္တလေး)




မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူမှုကရုဏာလုပ်ငန်းများတွင်ရှေ့ဆောင်ဦးရွက်ပြုသော လူမှုရေးအသင်းကြီးဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွင်းလည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း၊ ကျန်းမာရေး မြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး ဘေးဒုက္ခကျရောက်နေချိန်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဘေးဒုက္ခကျရောက်နေသူများအား ပုံမှန်ဘဝပြည်လည်ရောက်ရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံအနှံ့အပြားတွင် တည်ရှိပြီး အသင်းပေါင်း ၃၀၀ကျော်ဖြင့် ဖွဲ့စည်းထားပြီး ယင်းအသင်းများအား ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ပြည်နယ်နှင့် တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုဖြင့် ဖွဲ့စည်းထားသည်။ သာမန်အသင်းဝင်၊ ရာသက်ပန်အသင်းဝင်၊ ကျောင်းကြက်ခြေနီအသင်းဝင်နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲများဖြင့် ဖွဲ့စည်းထားပြီး စနစ်တကျလေ့ကျင့်ပေးထားသော စေတနာလုပ်အားရှင်များမှ ရောဂါဘေးနှင့်သဘာဝဘေးအန္တရာယ်ကျရောက်မှုများတွင် ကျွမ်းကျင်လျင်မြန်စွာ တုန့်ပြန်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အသင်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ဆောင်ရွက်ရာတွင် အသင်းကြီးအင်အားတောင့်တင်းစေရန်နှင့် အရည်အချင်းပြည့်ဝသော လူမှုရေးအသင်းကြီးဖြစ်စေရန်ရည်သန်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အသင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် အသင်းခွဲများဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့်စေတနာလုပ်အားရှင်ဖွံ့ဖြိုးတိုးတက်ရေးတို့လည်း ပါဝင်သည်။ အသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြို့နယ်အသင်းခွဲများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကူညီထောက်ပံ့မှုများ ပိုမိုရရှိစေရန်၊ ဘေးဒုက္ခကျရောက်လွယ်သူများအား ပိုမိုကူညီထောက်ပံ့နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် စေတနာလုပ်အားရှင်များနှင့် လူငယ်များဖွံ့ဖြိုးတိုးတက်စေနိုင်သော လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လူထုအခြေပြုဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဘေးဒုက္ခကျရောက်လွယ်သူများကို အများဆုံးထောက်ပံ့ကူညီနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ အသင်းကြီးသည် စေတနာလုပ်အားရှင်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုအလေးထားဆောင်ရွက်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ သင်တန်းများ ပို့ချခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ပူးပေါင်းပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဘေးဒုက္ခကျရောက်လွယ်သူများအား ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့နှင့်ပူးပေါင်း၍ လူငယ်မှ လူငယ်သို့ မျိုးဆက်ပွားကျန်းမာရေးစီမံချက်၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါကာကွယ်တားဆီးရေးစီမံချက်နှင့် ကလေးသူငယ်များ ကာကွယ်ရေးစီမံချက်များကို ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့သည်လည်း ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် မျိုးဆက်ပွားကျန်းမာရေးစီမံချက်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နာဂစ်လေဘေးသင့်ကူညီမှု၊ မိုခါမုန်တိုင်းနှင့် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မန္တလေးငလျင်ဘေးဖြစ်စဉ်များတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအသင်း



ဖက်ဒရေးရှင်း၊ ဂျပန်ကြက်ခြေနီအသင်း၊ တရုတ်ကြက်ခြေနီအသင်း၊ ရုရှားကြက်ခြေနီအသင်း၊ စင်ကာပူကြက်ခြေနီအသင်း၊ ထိုင်းကြက်ခြေနီအသင်း၊ မလေးရှားလခြမ်းနီအသင်း၊ ဘရူနိုင်းလခြမ်းနီအသင်း၊ အိန္ဒိယကြက်ခြေနီအသင်းများ၊ ပြင်သစ်၊ ဒိန်းမတ်၊ ဆွစ်ဇာလန်ကြက်ခြေနီအသင်းများနှင့်ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းသည် ဘဏ္ဍာရေးနှင့် နည်းပညာပံ့ပိုးကူညီမှုများ အများဆုံးဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအသင်း ဖက်ဒရေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ဘေးဒုက္ခဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် တုန့်ပြန်ရေးလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်းနှင့် လူထုအတွင်း ရှေးဦးပြုစုခြင်း အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ၊ လူမှုကရုဏာလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ပံ့ပိုးမှုဖြင့် ကြက်ခြေနီလှုပ်ရှားမှု အသိပညာဖြန့်ဝေခြင်း လုပ်ငန်းများ ပံ့ပိုးကူညီလျက်ရှိသည့်အပြင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြက်ခြေနီစေတနာလုပ်အားရှင်များသည် နိုင်ငံတော်အတွင်း ပြည်သူလူထု၏ လိုအပ်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သဘာဝဘေးကူညီမှုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်ကူညီလျက်ရှိရာ မေ ၈ ရက်တွင် ကျရောက်ခဲ့သော ကမ္ဘာ့ကြက်ခြေနီနေ့အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■



မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နာဂစ် လေဘေးသင့်ကူညီမှု၊ မိုခါမုန်တိုင်းနှင့် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မန္တလေးငလျင်ဘေးဖြစ်စဉ်များတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများအသင်း ဖက်ဒရေးရှင်း။ ဂျပန်ကြက်ခြေနီအသင်း။ တရုတ်ကြက်ခြေနီအသင်း။ ရုရှားကြက်ခြေနီအသင်း။ စင်ကာပူကြက်ခြေနီအသင်း။ ထိုင်းကြက်ခြေနီအသင်း။ မလေးရှားလခြမ်းနီအသင်း။ ဘရူနိုင်းလခြမ်းနီအသင်း။ အိန္ဒိယကြက်ခြေနီအသင်းများ။ ပြင်သစ်၊ ဒိန်းမတ်၊ ဆွစ်ဇာလန်ကြက်ခြေနီအသင်းများနှင့်ပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လားရှိုးမြို့ အ.ထ.က(၂)ကျောင်း၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

**လားရှိုး မေ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ ယဉ်ကျေးသိမ်မွေ့လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၈ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေကြိုင်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်တို့အား လှူဖွယ်ဝတ္ထုအစုစုအား ဆက်ကပ်လှူဒါန်းခဲ့ပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် လားရှိုးခရိုင် ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူး ဦးအေးဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ထွေးအောင်နှင့် တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာသင်တန်း အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းတို့တွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀ ဦးတို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့သည်။



အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းအား သင်တန်းနည်းပြဆရာမကြီးလေးဦးဖြင့် မေ ၂ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

လှမော်(ပြန်/ဆက်)

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နွေရာသီသင်တန်းတွင် AIA Myanmar ၏ စီစဉ်မှုဖြင့် Tottenham Hotspur နည်းပြများ လာရောက်သင်ကြား

**မန္တလေး မေ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ကြီးမှူးဖွင့်လှစ်သည့် အခမဲ့နွေရာသီအခြေခံဘောလုံးသင်တန်း(ဒုတိယအသုတ်)မှ သင်တန်းသားကလေးငယ်များအား အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် Tottenham Hotspur အသင်းမှ နည်းပြများက ကမ္ဘာ့အဆင့်မီ ဘောလုံးနည်းစနစ်များကို ယနေ့တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လာရောက်လေ့ကျင့်သင်ကြားပေးခဲ့သည်။

အဆိုပါအစီအစဉ်ကို "AYA GAME PLAN: AIA SCORE WITH SPURS" စီမံကိန်းအောက်မှ AIA Myanmar ၏ စီစဉ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာ့မျိုးဆက်သစ်ကလေးငယ်များအနေဖြင့် နိုင်ငံတကာအဆင့်မီ ဘောလုံးအခြေခံနည်းစနစ်များနှင့် ထိတွေ့ခွင့်ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ (အောက်ပုံ)

အခမ်းအနားတွင် AIA Myanmar မှ Chief Partnership Distribution Officer ဒေါ်မေမြတ်သူ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းနှင့် AYA Bank မှ Chief Business Officer ဦးနေလင်းထွဋ်တို့က အသီးသီးအမှာစကားပြောကြားခဲ့ကြပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ပံ့ပိုးကူညီမှုများကို အလေးပေးပြောကြားခဲ့ကြသည်။




ထို့နောက် Tottenham Hotspur အသင်း၏ International Development Coach များဖြစ်ကြသည့် Mr. Kevin Moffatt နှင့် Mr. Tyler Blackwood တို့က သင်တန်းသားကလေးငယ်များအား ဘောလုံးအခြေခံနည်းစနစ်များကို လက်တွေ့ကွင်းဆင်း သင်ကြားပြသပေးခဲ့သည်။ ထို့ပြင် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက နည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး ကလေးငယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ယခုသင်တန်းတွင် Royal-D မှ Official Recharging Partner အဖြစ် ရေဓာတ်ဖြည့်တင်းမှုများကို ပံ့ပိုးပေးခဲ့ပြီး၊ သင်တန်းအပြီးတွင် AYA Bank နှင့် AIA Myanmar တို့မှ ကလေးငယ်များအတွက် အာဟာရမုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ရ)

## မြေသြဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေး ဥပဒေဆိုင်ရာအကြောင်း ရှင်းလင်းပွဲကျင်းပ

**ကလော မေ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ယမန်နေ့နံနက် ၁၀ နာရီက မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေဆိုင်ရာအကြောင်း ရှင်းလင်းပွဲကျင်းပခဲ့ရာ တောင်ကြီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကလောမြို့နယ်ရှိ မြေသြဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေး ရောင်းချလျက်ရှိသည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တောင်ကြီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဇင်မောင်မောင်က မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေရှင်းလင်းပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ဆက်လက်၍ တောင်ကြီးခရိုင် မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်စန်းဝင်းက မြေသြဇာဥပဒေဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မူဝင်းကြည်က မျိုးစေ့ဥပဒေဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အေးချိုချိုစိုးက ပိုးသတ်ဆေးဥပဒေဆိုင်ရာ ကိစ္စရပ်များအား Power Point ဖြင့် အသီးသီးရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးလုပ်ငန်းရှင်များမှ သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကာ ခရိုင်ဦးစီးမှူးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။



ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကလောမြို့နယ်အတွင်းရှိ မြေသြဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေး ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများအား သတ်မှတ်ထားသည့် ဥပဒေနဲ့အညီ လိုက်နာရောင်းချခြင်း ရှိ၊ မရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## ဘဝတကျော

* ဘဝအိပ်မက်

ပျော်ရက်မကြာ၊ ခဏတာကို
"ငါ" သာ, သခင်၊ "ငါ" အရှင်ဟု
"ငါ" တွင်တွင်သုံး။ "ငါ" မမုန်းနိုင်
မဆုံးသည့် "ငါ"၊ တ"ငါ" "ငါ"နှင့်
"ငါ"နှင့် လွှန်ဆွဲ၊ "ငါ"ပိုကဲလို့
"ငါ"စွဲ "အတ္တ"၊ ခွာမရသည်
ဘဝအမိပ္ပာယ် ရှာရင်းလည်
ဘယ်ခါလွတ်ပါ့ အတ္တနယ်။ ။

* "ငါ" စွဲတကျော

ဖယ်ခွာမရ၊ စွဲ "အတ္တ"မှ
"မာန" "ဒိဋ္ဌိ"၊ နိဝင်ငြိတော့
ကိလေသာနွယ်၊ မျိုးစုံတွယ်သည်
ဘယ်ခါလွတ်ပါ့ လောကီနယ်
သံသရာနယ် လည်မြဲလည်။ ။

* သြော်

အပြောကျယ်စွ၊ ဝဲသြယမှာ
လည်ရမွေ့လျော်၊ ပျော်ကြီးပျော်လို့
နေသော်မဝ၊ နေလိုကြလည်း
ပျော်ရမကြာ၊ ခဏတာတွင်
တက်လာရေပွက်၊ ပမာပျက်သည်
စွဲချက်တင်ဖို့ ရှာမလွယ်
လျှောက်ပါလေဦး သံသရာနယ်။ ။

မြတ်ထွဋ်းနောင်



## ရက်(၁၀၀)စီမံချက်ကာလ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ မိုင်းလီရပ်ကွက်၌ မေ ၈ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနသည် ပထမ ရက်(၁၀၀)ကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ရပ်ကွက်နေပြည်သူများ၏ နေအိမ်များရှိ ပန်းအိုးများ၊ ရေလှောင်ကန်များ၊ ရေတွင်းများတွင် ခြင်များ ပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ပြီး အဘိတ်ဆေးခပ်ခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်–၅)**



## ရာသက်ပန်ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး မေ ၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ(ဓမ္မာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး နှစ်ဖက်မိဘများအား အမှူးထား၍ မန္တလေးမြို့နေ ကုမုဒြာမိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင် လှူဒါန်းပြီး ငွေကျပ် ၁၀သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ်သိန်း ၂၀၊ စုစုပေါင်း ငွေကျပ်သိန်း ၃၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် အဆိုပါအလှူရှင်မိသားစုတို့က ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **PNT**

## ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မြို့သစ် မေ ၉**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များကိုရှေးရှု၍ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ပထမရက် ၁၀၀ ကာလစီမံချက်ဖြင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းက ကံဆွယ်ကျေးရွာအုပ်စု၊ ကံကြီး(တ)ကျေးရွာသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ထင်းထက်က ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းဆိုင်ရာများကိုပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားကာ ကံကြီး(တ)ကျေးရွာမှ အိမ်ခြေ ၈၅ လုံး၊ လူဦးရေ ၃၉၉ ဦးအတွက် ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ) ဝင်းအိစွန်(ပြန်/ဆက်)**

## ဆေးပဒေသာပင် ငွေကျပ်သိန်း ၅၀၀ လှူဒါန်း

**မန္တလေး မေ ၉**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးတွင် မေ ၆ ရက်က အလှူရှင် မန္တလေးမြို့၊ ညောင်ကွဲရပ်နေ နှစ်ဖက်မိဘများ အမှူးထား၍ ဒေါက်တာအုန်းမြင့်+ဒေါက်တာခင်သူဇာမြင့်ဦး မိသားစုတို့မှ ဆေးပဒေသာပင် ငွေကျပ်သိန်း ၅၀၀ လှူဒါန်းသည်။ လှူဒါန်းမှုအတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်နှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူပြီး အလှူရှင်များ မည်သူမဆို မိမိစေတနာအလျောက် လှူဒါန်းလိုပါက ဆက်သွယ်ရန် ဖုန်း ၀၉–၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းဖွင့်

**မြစ်သား မေ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးကျောင်းအထောက်အကူပြု လက်သမားသင်တန်းကို မေ ၅ ရက်က အဆိုပါ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က သင်တန်းသားများအနေဖြင့် မိသားစုဝင်ငွေတိုးပွားရေးနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းမှ ပို့ချသင်ကြားပေးမည့် သင်ခန်းစာများကို ဂရုတစိုက် လေ့လာသင်ယူကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက အသက်မွေးကျောင်းအထောက်အကူပြုသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိမည့် အကျိုးကျေးဇူးများ၊ လိုက်နာရမည့် သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် သင်တန်းနည်းပြများက မေ ၅ ရက်မှ ၁၉ ရက်အထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်သူများအတွက် အိမ်ဆောက်ပစ္စည်းရန်ပုံငွေများပေးအပ်

**လားရှိုး မေ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လားရှိုးခရိုင်ရုံးမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မေ ၆ ရက်၌ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူနှစ်ဦးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သောလူနေအိမ် တစ်လုံးအတွက် ငွေများနှင့် အိမ်ဆောက်ပစ္စည်း ရန်ပုံငွေများ ပေးအပ်ခြင်းကို မေ ၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ထိုသို့ပေးအပ်ရာတွင် လားရှိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးမင်းနိုင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လားရှိုးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးသီရိသွယ်နှင့် တာဝန်ရှိသူများက လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး လားရှိုးမြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသခံယူလျက်ရှိသည့် ပြည်သူနှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ရပ်ကွက်(၁) နယ်မြေ(၈)ရှိ နေအိမ်တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းရန်ပုံငွေကျပ် ၅၀၀၀၀ အားလည်းကောင်း စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀ ကျပ်အား ဘေးသင့်ပြည်သူများ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**လှမော်(ပြန်/ဆက်)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၆)၊ ဦးပိုင်နံပါတ်(၁၀)ဟုခေါ်တွင်သော မြေဧရိယာ(၀ . ၀၅၅၁)ဧက၊ (ပေ ၄၀ × ပေ ၆၀)အကျယ်အဝန်းရှိ ဒေါ်ခင်ညွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မေဖြူပွင့်(ဘ)ဦးသန်းဇော်(၅/ဟမလ(နိုင်)၀၅၂၉၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်နံပါတ်(၁၂၄)ဟုခေါ်တွင်သော မြေဧရိယာ(၀ . ၀၃၀၉)ဧက၊ (ပေ ၃၀ × ၄၅ ပေ)အကျယ်အဝန်းရှိ ဦးတင်အောင် အမည်ပေါက် ဂရန်မြေကွက်၏မြောက်ဘက်ခြမ်း(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နိုင်စာကျော်(ဘ)ဦးစိုင်းထွန်းကျော်(၁၃/ကခန(နိုင်)၀၈၃၅၄၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နယ်မြေ(၁/က)မှန်တန်းရပ်ကွက်အတွင်းရှိ အရှေ့လားသော် လမ်း၊ နောက်လားသော် ဦးသိန်းဆွေ+ဒေါ်အေးချီ၏ မြေအစပ်၊ တောင်လားသော် ဦးကျော်နိုင်၏ နေအိမ်အစပ်၊ မြောက်လားသော် ၃ ပေခွဲလမ်း စသည့် နယ်လေးရပ်အတွင်း တည်ရှိသော အရှေ့အနောက်တောင်ဘက်ခြမ်း ၁၁ ပေ ၈ လက်မ၊ အရှေ့နောက်မြောက်ဘက်ခြမ်း ၈ ပေ၊ တောင်မြောက်အကျယ် ၄၈ ပေ အကျယ်အဝန်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းအပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးမိုးဝင်း(ဘ)ဦးထွန်းပေါ်(၉/ဝတန(နိုင်)၁၂၃၉၅၆)နှင့် ဒေါ်စုစုဝေ(ဘ)ဦးဖိုးဇော်(၉/ခမစ(နိုင်)၀၈၆၃၈၆)သူတို့ထံမှ ကျွန်တော်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပါသောကြောင့် သက်ဆိုင်သူများအားလုံး သတင်းစာကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်အမှုသည်များထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ထားသည့်ရက်တွင် လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးငြိမ်းကျော်ကျော်ဝင်း B.A(Psy), P.G.D.L အထက်တန်းရှေ့နေ**

**ဖုန်း ➤ ၀၉–၇၉၇၃၃၁၁၆၅၊ ၀၉–၄၂၀၇၇၂၄၈၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၆)၊ ဦးပိုင်အမှတ်(၅၆)ဟုခေါ်တွင်သော ဧရိယာ(ပေ ၄၀ × ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဟာစံ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါ အကျယ်အဝန်းအနက်မှ မြောက်ဘက်ခြမ်း(ပေ ၂၀ × ပေ ၆၀)ကျယ်ဝန်းသောမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိမှ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း မိမိလက်ရှိဖြစ်ကြောင်း၊ ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ဌေး(ဘ)ဦးအလီဘိုင်(၉/စကတ(နိုင်)၀၇၁၀၂၁)မှ ရောင်းချရန်ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်မြင့်ဝင်း (ဇနီး)ဒေါ်အေးနန္ဒာတို့မှ ဝယ်ယူရန်စရန်ငွေ အချို့ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ သတင်းစာတွင်ပါသည့်ရက်မှ (၇)ရက်အတွင်း လုံလောက်သော မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ–**
**ဦးဇော်မြင့်ဝင်း(ဘ)ဦးမြတ်လင်း**
**(၅/အရတ(နိုင်)၀၇၉၂၃၅)**
**ဒေါ်အေးနန္ဒာ(ဘ)ဦးကျော်ဝင်း**
**(၉/မခန(နိုင်)၂၃၂၉၇၃)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မာလာဝင်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၅၀၅၀)**
**၁၂၁လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ တမ္ပဝတီရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၀၂၆၉၄၂၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်နံပါတ်(၃၀)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးအောင်မြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အရှေ့ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းသန်းအေး(ဘ)ဦးဖိုးခင်(၉/မနတ(နိုင်)၀၄၆၁၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး LL.B, LL.M** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် LL.B, LL.M** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင် LL.M** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အေးနန္ဒာထွန်း LL.B** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မာလာစိုး LL.B** — **အထက်တန်းရှေ့နေ**

**ဒေါ်ဖူးသန့်မွန် LL.B** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၃)၊ ဦးပိုင်နံပါတ်(၁၆)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးမြင့်ကျော် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သီဂီဆွေ(ဘ)ဦးကျော်မြင့်(၉/မနမ(နိုင်)၀၂၄၃၃၉) [၎င်း၏ကိုယ်စားသားဖြစ်သူ ဦးထက်ကိုကို(ဘ)ဦးမောင်မောင်ဦး(၉/ခမစ(နိုင်)၀၃၄၀၃၄)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး LL.B, LL.M** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် LL.B, LL.M** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင် LL.M** — **တရားလွှတ်တော်ရှေ့နေ**

**ဦးဖြိုးသာဇန် LL.B** — **အထက်တန်းရှေ့နေ**

**ဦးစည်သူအောင် LL.B** — **အထက်တန်းရှေ့နေ**

**ဒေါ်သဲမိုမိုထွန်း LL.B** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ်(၉-က+၁၀-က)၊ ဧရိယာ(၀ ဒသမ ၀၁၇၆+၀ ဒသမ ၀၂၀၁)ဧက အကျယ်အဝန်းရှိ ဦးသိန်းသန်း(ခ)ဦးနောင်နောင်လတ် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက် လက်ရှိပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူ ဦးသိန်းသန်း(ခ)ဦးနောင်နောင်လတ်(ဘ)ဦးအကိန်း(ခ)ဦးတင်ရွှေ(၉/မရမ(နိုင်)၀၉၂၀၆၈)က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်လပြည့်(ဥပဒေဘွဲ့)**

**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ (ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ရဲအောင်(ဥပဒေဘွဲ့)**

**အထက်တန်းရှေ့နေ**

**ရုံးခန်း–လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉–၂၀၅၅၉၂၆၊ ၀၉–၇၅၂၄၅၅၉၂၆၊ ၀၉–၉၄၀၇၉၀၀၉၉၊ ၀၉–၇၉၇၃၅၀၀၇၁၊ ၀၉–၄၀၂၆၄၇၆၂၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း၆၀(F)၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြားနေ ဒေါ်မြဝင်းကြည်(ခ)ဒေါ်မီမီအောင်(ဘ)ဦးတင်အောင်(၉/မရတ(နိုင်)၀၅၅၉၉၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၆)၊ တိုက်အမှတ်(၁၃)၊ စတုတ္ထထပ်၊ အခန်းအမှတ်(၄၀၇)တိုက်ခန်း အပါအဝင် တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မြဝင်းကြည်(ခ)ဒေါ်မီမီအောင် တစ်ဦးတည်းမှသာလျှင် စီမံခန့်ခွဲခွင့်ရှိပြီး အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်မြဝင်းကြည်(ခ)ဒေါ်မီမီအောင်မှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်စုံတစ်ရာ ပြုလုပ်ခဲ့ဖူးခြင်း မရှိပါကြောင်းနှင့် ဒေါ်မြဝင်းကြည်(ခ)ဒေါ်မီမီအောင် သိရှိခြင်းမရှိဘဲ အထက်ပါတိုက်ခန်းအား အခြားသူတစ်ဦးမှ ဒေါ်မြဝင်းကြည်(ခ)ဒေါ်မီမီအောင်၏ လက်ဗွေလက်မှတ်များ အတုပြုလုပ်ရေးထိုးကာ အရောင်းအဝယ်စာချုပ်ပြုလုပ်ခြင်း၊ ကိုယ်စားလှယ်လွှဲစာပြုလုပ်ခြင်းတို့ဆောင်ရွက်ကာ ပေါင်နှံခြင်း၊ အရောင်းအဝယ်စာချုပ်ပြုလုပ်ခြင်း၊ ကိုယ်စားလှယ်လွှဲစာပြုလုပ်လွှဲပြောင်းခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် ဒေါ်မြဝင်းကြည်(ခ)ဒေါ်မီမီအောင်မှ ဥပဒေအရ အရေးယူဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒေါ်မြဝင်းကြည်(ခ)ဒေါ်မီမီအောင်နှင့် တွေ့မြင်ဖူးခြင်းမရှိဘဲ အထက်ပါတိုက်ခန်းအား အရောင်းအဝယ်စာချုပ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်းတို့ ပြုလုပ်ဆောင်ရွက်ခဲ့သူများအနေဖြင့် ယခုကြေညာချက်ပါရှိသည့်ရက်မှ ရက်သတ္တပတ်(၇)ရက်အတွင်း လာရောက်တွေ့ဆုံဖြေရှင်းဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်မြဝင်းကြည်(ခ)ဒေါ်မီမီအောင်မှ ဥပဒေအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မြဝင်းကြည်(ခ)ဒေါ်မီမီအောင်**
**(၉/မရတ(နိုင်)၀၅၅၉၉၉)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဆွေဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၀၀)**
**(ညည–၅၈/၃၅)၊ သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၀၂၆၅၃၆၃၅၊ ၀၉–၇၉၈၆၆၆၈၀၇**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ခန့်မှန်းငွေကျပ် ကိုးဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၇ ကီလိုနှင့် စိတ်ကြွဆေးပြား လေးသန်း သယ်ဆောင်လာသူများနှင့် ဆက်စပ်သူများအား ကလေးမြို့နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ဖမ်းဆီးရမိ

နေပြည်တော် မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အဝင်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် သက်ပိုင်စိုး မောင်းနှင်ပြီး ဇော်ထိုက် လိုက်ပါလာသော NISSAN CONDOR အမျိုးအစား ယာဉ်နှင့် မျိုးရဲနိုင် မောင်းနှင်ပြီး ကျော်လင်း လိုက်ပါလာသော GOLDEN TRUCK အမျိုးအစားယာဉ်တို့အား ရှာဖွေစစ်ဆေးရာ ယာဉ်များပေါ်မှ ဘိန်းဖြူ ၄၈ ဒသမ ၄ ကီလိုကိုလည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ကလေးမြို့ စက်မှုဇုန်သွားလမ်း၌ နိုင်လင်းဇော် မောင်းနှင်ပြီး နေလင်းဦး(ခ) ဆေးဆရာ လိုက်ပါလာသော NISSAN CONDOR ယာဉ်ကို စစ်ဆေးရာ ဘိန်းဖြူ ၂၈ ဒသမ ၆ ကီလိုကို လည်းကောင်း တွေ့ရှိဖမ်းဆီးရမိခဲ့ရာ စုစုပေါင်းဘိန်းဖြူ ၇၇ ကီလို (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၈၅ ဘီလီယံ)အား သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါဖမ်းဆီးရမိဘိန်းဖြူများကို ကလေးမြို့၌ လက်ခံမည့်သူဖြစ်သည့် ညွန့်တင်အား မွန်းလွဲ ၁ နာရီခန့်တွင် ကလေးမြို့အဝင်၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့မှ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူ နိုင်ဝင်း (ခ)ရုပ်ဆိုးအား ညနေ ၆ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ပြည်-အောင်လံ သွားကားလမ်း တီတွတ်ကျေးရွာအနီး၌ TOYOTA HILUX ယာဉ်တစ်စီးနှင့်အတူ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၀ သို့ ✪



ဘိန်းဖြူ ၇၇ ကီလိုနှင့်အတူ ဖမ်းဆီးရမိသည့် မျိုးရဲနိုင်၊ ကျော်လင်း၊ သက်ပိုင်စိုး၊ ဇော်ထိုက်၊ ညွန့်တင်၊ နိုင်လင်းဇော်၊ နေလင်းဦး(ခ) ဆေးဆရာတို့အား တွေ့ရစဉ်။

## မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးဘောလုံးအကယ်ဒမီအတွက် ရန်ကုန်ဇုန် အပြီးသတ်လူရွေးချယ်ပွဲ စတင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) က ကြီးမှူး၍ မန္တလေးမြို့တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်မည့် အမျိုးသမီးဘောလုံးအကယ်ဒမီ (Women's Academy) အတွက် ရန်ကုန်ဇုန် အပြီးသတ်လူရွေးချယ်ပွဲ (Final Selection) ကို ယနေ့ မွန်းလွဲ ၁ နာရီမှ စတင်ကာ ရန်ကုန်မြို့ရှိ MFF Hall ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအမျိုးသမီးဘောလုံးအကယ်ဒမီအတွက် ပဏာမလူရွေးချယ်ပွဲများကို ဇုန် ၂ ဇုန်ခွဲ၍ မြို့နယ်အသီးသီးတွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့မှာ ရန်ကုန်ဇုန်တွင် ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်၊ ဘားအံနှင့် ပုသိမ်မြို့၊ မန္တလေးဇုန်တွင် မန္တလေး၊ နေပြည်တော်၊ တောင်ကြီးနှင့် ကလောမြို့တို့ ဖြစ်သည်။

ယခုအခါ ၎င်းမြို့နယ်အသီးသီးမှ ပဏာမရွေးချယ်ခြင်း ခံထားရသည့် အရည်အချင်းရှိ အမျိုးသမီးကစားသမားများအား အကယ်ဒမီသင်တန်းသူအဖြစ် တက်ရောက်နိုင်ရန် အပြီးသတ်လူရွေးချယ်မှု လုပ်ငန်းစဉ်များကို ဇုန်အလိုက် ပြန်လည်စိစစ်ရွေးချယ်နေခြင်း ဖြစ်သည်။

ယနေ့ပြုလုပ်သည့် ရန်ကုန်ဇုန် အပြီးသတ်ရွေးချယ်ပွဲ ပထမနေ့အစီအစဉ်တွင် ရန်ကုန်ဇုန်အတွင်းရှိ မြို့နယ်များမှ တက်ရောက်လာကြသည့် ကစားသမားများအား စာရွက်စာတမ်းများ စနစ်တကျ ရှိ၊ မရှိ စိစစ်ခြင်းနှင့် ကစားသမားများ၏ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအခြေအနေများအတွက် Medical Check-up (ဆေးစစ်မှု)များအား တာဝန်ရှိသူများက စတင်ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်ဇုန်အတွက် ကွင်းအတွင်း လက်တွေ့အရည်အချင်းစစ်ဆေးမှုများ (Field Selection) ကို မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နံနက် ၆ နာရီခွဲမှ စတင်ကာ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းနောက် မန္တလေးဇုန် (မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ ကလော)အတွက် အပြီးသတ် လူရွေးချယ်ပွဲကို မန္တလေးမြို့၌ မေ ၁၇ ရက်မှ ၁၉ ရက်အထိ ဆက်လက်ကျင်းပသွားရန် စီစဉ်ထားသည်။

မြန်မာ့အမျိုးသမီးဘောလုံးလောက အခြေခံကောင်းများမှ တစ်ဆင့် တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် အဆိုပါအကယ်ဒမီသို့ တက်ရောက်ခွင့်ရမည့် အပြီးသတ်ရွေးချယ်ခံရသူစာရင်းကို မေ ၂၂ ရက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ တရားဝင် Facebook စာမျက်နှာမှတစ်ဆင့် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

(NGB)



၀-၀-၀-၀-၀

## FWA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဘရူနိုဖာနန်ဒက်စ် ဆွတ်ခူး

လန်ဒန် မေ ၉

ဘောလုံးကလောင်ရှင်များအဖွဲ့အစည်း(FWA)၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို မန်ယူအသင်းကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ ပွဲမှာ ရှစ်ဂိုးသွင်းယူကာ၊ ဂိုးဖန်တီးမှုအကြိမ် ၂၀ အထိ ပြုလုပ်ခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် အသင်းဂန္ထဝင်ကစားသမားဟောင်း ဝိန်းရွန်နီပြီးနောက် (FWA) တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆယ်စုနှစ် တစ်ခုကျော်အတွင်း ဆွတ်ခူးရရှိသည့် ပထမဆုံးမန်ယူကစားသမားလည်း ဖြစ်လာခဲ့သည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်စ်က "ကျွန်တော်အခုလို တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ဝိုင်းဝန်းပံ့ပိုးမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရရှိနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (NGB)

